# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၂) ရက် ၊ ကြာသပတေးနေ့ ၊ (6-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၅**

၁၉၉၅ ခုနှစ် မတ် ၂၇ ရက် နှစ် (၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၆ ရက်
အယ်ဒီတာ့အာဘော်

# သီးနှံသစ်တော ရောနှောစိုက်ပျိုး

ယခုအခါ ကမ္ဘာ့နိုင်ငံများသည် တွေ့ကြုံနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းနိုင်ရန် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများအသုံးပြု၍ အလေးပေးဆောင်ရွက်လာကြသည်။ ဥပမာအားဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းခြင်း၊ မြေအသုံးချမှု စနစ်ကျထိရောက်မှန်ကန်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်း၊ ကောင်းမွန်သောစိုက်ပျိုးနည်းများအသုံးပြုခြင်း စသည့် သဘာဝကိုအခြေခံသော နည်းလမ်းများကို အသုံးပြုခြင်းဖြစ်သည်။

၎င်းတို့အနက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းသည် မြေအသုံးချမှုနည်းစနစ်တစ်မျိုးဖြစ်၍ ၎င်းအသုံးချခံမြေဧရိယာပေါ်မှ ရေရှည်အကျိုးအမြတ်ရရှိရန်၊ သစ်တောထွက်ပစ္စည်း၊ စိုက်ပျိုးသီးနှံနှင့် မွေးမြူရေးထုတ်ကုန်တစ်မျိုးထက် ပိုမိုထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ လုပ်ကိုင်သော မြေယာအသုံးချမှုစနစ်တစ်ခုဖြစ်သည်။ အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံပင်များ၊ စားပင်သီးပင်များ၊ ကြီးမြန်ပင်များ ပူးပေါင်းစိုက်ပျိုးကာ မြေဧရိယာတစ်ခုတည်းမှ အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များကို နှစ်ရှည် သို့မဟုတ် နှစ်ချင်းစားသုံးသီးနှံများနှင့်သော်လည်းကောင်း၊ တိရစ္ဆာန်အစားအစာဖြစ်သည့် အပင်များ၊ ပဲမျိုးများ စသည်တို့နှင့်သော်လည်းကောင်း ရောနှောစိုက်ပျိုးလေ့ရှိသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးရှိသည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းတွင် ပါဝင်သည့် အစိတ်အပိုင်းများအပေါ် မူတည်၍လည်းကောင်း၊ မတူကွဲပြားသောဒေသများနှင့် ဂေဟစနစ်များ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မိရိုးဖလာစိုက်ပျိုးမှုပုံစံများအပေါ်တွင် မူတည်၍လည်းကောင်း သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးကွဲပြားသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်များသည် မိသားစုအလိုက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်သော မိရိုးဖလာလုပ်ငန်းများဖြစ်သကဲ့သို့ အစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်သောလုပ်ငန်းလည်းဖြစ်သည်။ မိမိ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ စီးပွားဖြစ်ဆောင်ရွက်နိုင်သောလုပ်ငန်းများဖြစ်သည်။ နေရာဒေသ၊ ရာသီဥတု၊ ဈေးကွက်နှင့် ဒေသခံပြည်သူများ၏ စိတ်ဝင်စားမှုအပေါ် အခြေခံပြီး ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ယနေ့အချိန်ထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း ၅၆၉၆၇၃ ဧကနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းတွင် သီးနှံသစ်တော ရောနှောစိုက်ခင်း ၈၇၆၁ ဧက စုစုပေါင်း ၅၇၈၄၃၄ ဧကကို တည်ထောင်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများသည် မိမိတို့၏ သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ဒေသအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အပါအဝင် ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ရောနှောစိုက်ပျိုးခြင်း၊ နှစ်ရှည်သီးပင်စားပင်များ ရောနှောစိုက်ပျိုးခြင်းများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများရရှိရုံသာမက စားနပ်ရိက္ခာများဖူလုံပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသမှ ထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၂၅ စီးမှ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဈေးနှုန်းများမှာ အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၈၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ မြေပြန့်ဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေက ဝင်ရောက်မှု မရှိသလောက် နည်းသွားပါပြီ။ အင်းသီးကလဲ အထားခံတော့ ဈေးကောင်းရရှိနေပါတယ်။ တစ်နေ့ကို အင်းလေးဒေသဘက်က ကားအစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်နေပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းပြီး အရောင်းအဝယ်ကလဲ ကောင်းနေပါတယ်။ လက်ရှိမှာ အင်းလေးဒေသကပဲ ဝင်ရောက်နေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန့်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးတို့လည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။ (၁၈၅)

## ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာတွင် ပြည်တွင်း၊ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး မေ ၅**

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာတွင် ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ လက်တလော ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာထဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းများအပါအဝင် အခြား စိတ်ဝင်စားစရာ မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"အခုသင်္ကြန်မတိုင်မီကာလမှာ ဆင်ကျွန်းကျေးရွာကို လည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေကလဲ ရောဝတီမြစ် မတ္တရာမြို့နယ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ ရောဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေလဲရှိပါတယ်" ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအနေဖြင့် မတ်လ နောက်ဆုံးပတ်က တစ်ရက်လျှင်ဦးရေ ၃၀ ကျော်သာ ဝင်ရောက်လည်ပတ်ခဲ့ကြသော်လည်း ဧပြီလ ပထမပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်း၊ပြည်ပ ခရီးသွားဦးရေ ၁၂၀ ကျော်ထိ ဝင်ရောက်လည်ပတ်ကြကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာနဲ့ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။ (၁၈၄)

## သင်္ကြန်ကာလတွင် ပြေးဆွဲမှုရပ်နားမည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘော အစီးရေ ၃၀ ကျော်ကို အသေးစားပြုပြင်မည်

**မန္တလေး မေ ၅**

သင်္ကြန်ကာလတွင် ပြေးဆွဲမှုရပ်နားမည့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘော အစီးရေ ၃၀ ကျော်ကို အသေးစားပြုပြင်မှုလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် နှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးဆိပ်ကမ်းမှ ခရီးသည်နှင့် ကုန်စည်တင်ပို့နေသည့် သင်္ဘောတချို့ ယာယီရပ်နားထားမည်ဖြစ်ကြောင်း၊ ၎င်းသင်္ဘောများထဲမှ ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန်လိုအပ်နေသည့် သင်္ဘောများကို အသေးစားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စတဲ့မြို့တွေကို ပြေးဆွဲပေးနေတဲ့ ခရီးသည်တင်နဲ့ ကုန်တင်သင်္ဘော အစီးရေ ၃၀ ကျော်ကို သင်္ကြန်ကာလမှာ သင်္ဘောတွေရဲ့ ကြံ့ခိုင်မှုမပြည့်ဝတဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ သံထည်တွေ၊ စက်ပိုင်းဆိုင်ရာနဲ့ သင်္ဘောဆေးရောင်တင်တဲ့လုပ်ငန်းတွေကို ပြန်ပြီးလုပ်ဆောင်သွားမှာပါ။ သင်္ကြန်ပြီးကာလမှာတော့ ရပ်နားထားမဲ့သင်္ဘောတွေ ပြန်ပြီးပြေးဆွဲပေးသွားမှာပါ" ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်စသည့်မြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောအစီးရေစုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ: အဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မင်းဘူး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ခြင်ထောင်ကျေးရွာနှင့် မယ်ဘော့ကုန်းကျေးရွာတို့၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခြင်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၅၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မယ်ဘော့ကုန်းကျေးရွာ၌ အရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ခြင်ထောင်ကျေးရွာနှင့် မယ်ဘော့ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို VDP စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဘဒ္ဒန္တသုန္ဒရ အားအမှူးထား၍ မန္တလေးမြို့နေ ဒေါ်ကျင်စိန် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မဓဇိဓာတာရ ဦးကျော်ဝင်းက လက်ခံရယူစဉ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၆ ဒသမ ၅၉၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဧပြီ ၅**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၉၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအုန်းထံမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လထိ မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၅ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၉၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ မတ်လကုန်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၉၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်ကတော့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ သန်းဖိုး၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖိုး ဖြစ်ပါတယ်"ဟု ဦးသန်းအုန်းက ပြောပြသည်။

မူဆယ်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကြက်သွန်ဖြူ၊ ပန်းသီး၊ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ သရက်သီး၊ ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်၊ ပုစွန်ခြောက်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်၊ ဆန်ကြာဆံများ တင်ပို့လျက်ရှိပြီး Plastic Pipe၊ Aluminium Water Pot တို့ကို အဓိကတင်သွင်းနေကြောင်း သိရသည်။ ASH

# ကြို့ပင်ကောက်မြို့နယ် ဆင်ပိုက်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ပိုက်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်က ဆင်ပိုက်(အရှေ့)ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသက်ထွန်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၉ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူဦးရေ ၉၀ ကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# လဲချားမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လဲချား ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနောင်အွမ်ကျေးရွာနှင့် နောင်ဖိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ဟိုနောင်အွမ်ကျေးရွာနှင့် နောင်ဖိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။


ဟိုနောင်အွမ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈၇ သိန်းဖြင့် အသင်းသား၊ အသင်းသူ ၉၂ ဦးက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နောင်ဖိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄၇ သိန်းဖြင့် အသင်းသား၊ အသင်းသူ ၁၇၁ ဦးက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုနောင်အွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ နောင်ဖိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်းကောင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာ နှစ်ရွာရှိ အသင်းသား၊ အသင်းသူ ၂၆၃ ဦးကို ရန်ပုံငွေကျပ် ၁၀၃၄ သိန်းထိ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။ **ရိုးသန်းဉာဏ်**



# ကျည်းကန်စကားပုံကျမ်းနှင့် ဆုံးမစာတစ်ပုဒ်

ပိုလ်ရှိတ်(ရတနာပူရ)




"စေတီတည်ထား၊ မြတ်ဘုရား၊
တည်ထားကောင်းလျက်၊
ညောင်ပင်ဖျက်သည်"
အစချီသော ဖျက်စုဆုံးမစာ၊
"တင်ပေဖူးသည်၊ ကျေးဇူးရှိလျက်
အဆပ်ခက်"
အစချီသော ခက်စုဆုံးမစာ၊
"လူအဖြစ်ကို၊ စင်စစ်မလွဲ ရမည်ခဲ"

အစချီသော ခဲစုဆုံးမစာတို့ကို လူတိုင်းကြားဖူးကြမည်ထင်ပါသည်။ ဆုံးမစာပေါင်းချုပ်ကြီးများတွင်ပါရှိသော ဆုံးမစာများဖြစ်သည်။ အထက်ပါဆုံးမစာ အစအဆုံးကို ဆုံးမစာပေါင်းချုပ်ကျမ်းကြီးများတွင် ဆက်လက်ကြည့်ရှုနိုင်သည်။ ထိုဆုံးမစာတို့ကို ရေးသားခဲ့သူမှာ တောင်ဖီလာဆရာတော်ဟု သိရှိမှတ်သားခဲ့ရသည်။ ထိုအမှတ်အသားအတိုင်းသာ သိရှိမှတ်သားခဲ့ရသည်။ တစ်နေ့တွင် မမျှော်လင့်ဘဲ ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများပါဝင်သော ပေမူတစ်ဆူတွေ့ရှိခဲ့သည်။ ပေမူမှာ ကျည်းကန်စကားပုံကျမ်းပေမူဖြစ်သည်။ အသစ်တွေ့ပေမူအရ ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများသည် တောင်ဖီလာဆရာတော်ရေးသားခြင်း မဟုတ်ကြောင်း သိလာရသည်။ ထိုအကြောင်းကိုမတင်ပြမီ ပုံနှိပ်ထုတ်ဝေခဲ့ဖူးသောဆုံးမစာပေါင်းချုပ် စာအုပ်များအကြောင်းကို အရင်ဆိုပါဦးမည်။

ဆုံးမစာများသည် မြန်မာ့လူမှုဘဝပတ်ဝန်းကျင်တွင် များစွာတွင်ကျယ်ခဲ့သည်။ ပြည်သူလူထုအတွက် များစွာလည်း အကျိုးများခဲ့သည်။ ဆုံးမစာများကို ရှေးကစာဆိုတော်ကြီးများစွာက ရေးသားခဲ့ကြသည်။ စာဆိုတော်ကြီးများ ရေးခဲ့သော ဆုံးမစာများသည် ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်များ၊ မင်းမှုထမ်းများနှင့် ပြည်သူလူထုတိဆုံးမသော ဆုံးမစာများဖြစ်သည်။ ထို့ကြောင့်-

"ခတ္တိယ- မင်းမျိုး၊ သူဌေးမျိုး
ဗြာဟ္မဏ-ရဟန်း၊ ရသေ့၊ ပုဏ္ဏားမျိုး
ဝေဿ-ကုန်သည်မျိုး
သုဒ္ဒ-သူဆင်းရဲမျိုး"ဟူသော အမျိုးလေးပါးကို ဆုံးမသည့်ဆုံးမစာများဟု ခေါ်ဆိုကြသည်။

စာဆိုတော်ကြီးများသည် ဆုံးမစာများကိုရေးသားရာတွင် ပျို့၊ လင်္ကာ၊ ရတု၊ သံပေါက်များဖြင့် ရေးသားဖွဲ့နွဲ့ခဲ့သောကြောင့် သီဆိုရလွယ်ကူသည်။ သာယာနာပျော်ဖွယ်ရှိသည်။ သင်ရသည်မှာလည်း လွယ်ကူသည်။ လူကြီးသူမများသည် စာဆိုတော်ကြီးများ ရေးသားခဲ့သော ဆုံးမစာများကိုရွတ်ဆိုဆုံးမ၍ ကလေးငယ်များကို ဆုံးမကြသည်။ သင်ပေးကြသည်။ ထို့ကြောင့် ဆုံးမစာများကို မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယခုတိုင် ကြားနေရသည်။ ဥပမာအားဖြင့်-

"လက်ရေးလက်သား၊ ခြားနားသိသာ
သူထက်ငါလျှင်၊ ခရာညီဝန်း
မယွန်းမထောင့်၊ ဖြောင့်ဖြောင့်သားသား
မမှားအက္ခရာ၊ သိသာစလှ
အချအတင်၊ အငင်အရစ်
အပစ်အဆွဲ၊ ပုလဲလုံးညီ
ကြီးတွင်သိသို့"ဟူသော စာသင်သားဆုံးမစာကို ယခုတိုင်အလွတ်ရနေကြသည်။

"တစ်ယောက်စကား၊ တစ်ယောက်နားမှာ
မခါးရအောင်၊ သတိဆောင်၍
မောင်တို့ဆိုလေ၊ ပျားသကာသို့
ချိုလှစေ"ဟူသော ဆုံးမစာလေးကိုလည်း လူတိုင်းနီးပါးရနေကြပါသေးသည်။

အဖိုးတန်လှသောဆုံးမစာများသည် ရှေးက ပေ၊ ပုရပိုက်များတွင်သာ ခိုအောင်းနေကြသည်။ ပေ၊ ပုရပိုက်များတွင် ခိုအောင်းနေသော ဆုံးမစာများကို စာပေပညာရှင်ကြီးများသည် ပုံနှိပ်စာအုပ်ဖြစ်အောင် ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် ပုံနှိပ်မှုဖြင့် ဆုံးမစာပေါင်းချုပ်ကြီးများထွက်ပေါ်လာခဲ့သည်။ ပုံနှိပ်မှုသို့ရောက်မှသာ အများပြည်သူတို့ အလွယ်တကူလေ့လာနိုင်ခဲ့သည်။

ဆုံးမစာများကို စုပေါင်းထုတ်ဝေခဲ့သောစာအုပ်များတွင် သူရိယစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆုံးမစာပေါင်းချုပ်ကြီးသည် အစောဆုံးဖြစ်သည်။ သူရိယတိုက်ထုတ်ဆုံးမစာပေါင်းချုပ်ကြီးတွင် ဆုံးမစာပေါင်း ၁၈ စောင်မျှ စုစည်းဖော်ပြနိုင်ခဲ့သည်။

ထိုစာအုပ်နောက်တွင် ဆရာကြီးနန်းညွန့်ဆွေ တည်းဖြတ်ထုတ်ဝေသော ဟံသာဝတီဆုံးမစာပေါင်းချုပ်ကြီး ထပ်မံထွက်ပေါ်လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။ ဟံသာဝတီဆုံးမစာပေါင်းချုပ်ကြီးတွင် ဆုံးမစာပေါင်း ၃၆ စောင်မျှပါဝင်ခဲ့သည်။ သူရိယစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆုံးမစာပေါင်းချုပ်ကြီးထက် ထက်ဝက်တိတိ ပိုလာခဲ့သည်။ ဟံသာဝတီဆုံးမစာပေါင်းချုပ်ကြီး စာအုပ်သည် အသုံးများ၊ လူကြိုက်များခဲ့သော စာအုပ်ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ဆရာမာဏဝစုစည်းတည်းဖြတ်သော ဆုံးမစာပေါင်းချုပ်ကြီးစာအုပ် ထွက်လာပြန်သည်။ နှလုံးလှစာအုပ်တိုက်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီဆုံးမစာပေါင်းချုပ်ကြီးထက် ဆုံးမစာ သုံးစောင်ပိုလာသည်။ စာသမားဖြစ်စေ၊ ရှေးဆုံးမစာများကို လေ့လာလိုသူများဖြစ်စေ ဟံသာဝတီဆုံးမစာပေါင်းချုပ်ကြီးနှင့် ဆရာမာဏဝ၏ဆုံးမစာပေါင်းချုပ်ကြီးကိုသာ အထူးအားထားလေ့လာကြရသည်။ ယခုအခါတွင် အပါးတော်မြဲစာအုပ်တိုက်က ရှေးအစဉ်အလာဆုံးမစာပေါင်းချုပ်အမည်ဖြင့် ၂၀၂၀ ပြည့်နှစ် မေလတွင် ဆုံးမစာများကို ထပ်မံထုတ်ဝေခဲ့သည်။ ဤစာအုပ်တိုက်များအပြင် အခြားစာအုပ်တိုက်များက ဆုံးမစာများကို ပုံနှိပ်ထုတ်ဝေခဲ့သည်ကိုလည်း တွေ့ရပါသေးသည်။ ဆုံးမစာ စာအုပ်များတွင် သူရိယတိုက်ထုတ်ဆုံးမစာပေါင်းချုပ်ကြီးမှာ ယခုအခါတော်တော်ရှားပါးနေပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဆုံးမစာပေါင်းချုပ်စာအုပ်တို့တွင် ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများကို တောင်ဖီလာဆရာတော်ရေးသည်ဟူ၍ တညီတညွတ်တည်းဖော်ပြထားသည်။ တောင်ဖီလာဆရာတော်သည် ညောင်ရမ်းခေတ်တွင် အလွန်ထင်ရှားသောဆရာတော်ကြီးဖြစ်သည်။ သာသနာ့သမိုင်းတွင် ကျော်လေးပါးဝင်ဆရာတော်ကြီးလည်းဖြစ်သည်။ တောင်ဖီလာဆရာတော်၏ အတ္ထုပ္ပတ္တိကို မင်းလှသီရိသီဟသူ၏ ဆရာတော် ၁၀၅ ပါးစာရင်း၌ "သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူသည် နံ-၅ ဘေး၊ ဇာတိ- စလင်းမြို့၊ ရဟန်းအမည်-ရှင်မုနိန္ဒဃောသ၊ သက်တော် ၇၃ နှစ်၊ ဘကြီးတော်ငါးထပ်ဒါယကာလက်ထက် သက္ကရာဇ် ၁၀၁၃ ခုနှစ်တွင် ဘဝပြောင်းတော်မူသည်။ ဒါယကာ-သာလွန်မင်းတရားကြီးကိုးကွယ်တော်မူသည်။ ကျောင်းတိုက်-စစ်ကိုင်းတောင်ဖီလာတွင် သီတင်းသုံးသည်။ တံဆိပ်-တိပိဋကာလင်္ကာရ"ဟူ၍ လိုရင်းကို ဖော်ပြထားသည်။ တောင်ဖီလာဆရာတော်သည် ရသဝါဟိနီဝတ္ထု၊ ဝိနယလင်္ကာရဋီကာသစ်၊ အနောက်ဘက်လွန်မင်းတရားကြီး အမေးတော်ပုံ၊ သာလွန်မင်းတရားကြီး အမေးတော်ပုံ၊ ဝမ်းဘဲအင်းစံမင်းတရားကြီး အမေးတော်ပုံ၊ မေတ္တာစာများ၊ ကျောက်စာသံပိုင်းများ၊ ရတုများကို ရေးသားပြုစုခဲ့သည်။

တစ်နေ့တွင် စာရေးသူသည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ပေမူများကို လေ့လာကြည့်ရှုခဲ့သည်။ ပေမူများကိုကြည့်ရှုရာမှ မမျှော်လင့်ဘဲ ကျည်းကန်စကားပုံကျမ်းပေမူတစ်ဆူကိုရရှိခဲ့သည်။ ကျည်းကန်ရှင်ကြီး၏ စကားပုံများကို အပြည့်စုံဆုံးတွေ့ရသောပေမူဖြစ်သည်။ ယခင်က ကျည်းကန်စကားပုံများကို ပေမူတစ်စောင်တစ်ဖွဲ့အနေဖြင့် လုံးဝမတွေ့ခဲ့ရဖူးပါ။ ဟိုတစ်စ ဒီတစ်စသာ တွေ့ရသည်။ ကျည်းကန်ရှင်ကြီး၏ဘဝ အတ္ထုပ္ပတ္တိကို ရေးသားခဲ့သူ ဆားလင်းကြီးဌေးလွင်ကပင် ကျည်းကန်စကားပုံကျမ်းကို ပေတစ်စောင်တစ်ဖွဲ့အနေဖြင့် မတွေ့ဖူးကြောင်း ရေးသားထားသည်။ ယခုပေမူမှာ ခုနစ်ကြောင်းရေး မျဉ်းနီပေဖြစ်သည်။ ကေအစ၊ ဂါအဆုံး တစ်အင်္ဂါနှင့် ရှစ်ချပ်ရှိသည်။ ကျမ်းပြီးနှစ်မပါသော်လည်း ပေကူးနှစ်မှာ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့(၁၈၆၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်)ဟူ၍ ပါရှိသည်။ ထို့ကြောင့် ဤပေမူသည် မင်းတုန်းမင်းလက်ထက်တွင် ရေးကူးခဲ့သော ပေဖြစ်ကြောင်း သိရသည်။

ကျည်းကန်စကားပုံကျမ်းပေမူကို သေချာဖတ်ရှုလေ့လာသောအခါတွင် တစ်ချိန်က တောင်ဖီလာဆရာတော်ရေးသည်ဟု ဖော်ပြခဲ့သော ဖျက်စု၊ ခက်စု၊ ခဲစု ဆုံးမစာများသည် ကျည်းကန်စကားပုံကျမ်း၌ပါရှိနေသည်ကို တွေ့ရသည်။ ကျည်းကန်စကားပုံကျမ်းပေမူကား ကျောချပ်မှ ခ ကျောချပ်တွင် ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများဖြစ်နေသည်။ ထို့ကြောင့် ကျည်းကန်စကားပုံကျမ်းပေမူအရ အဆိုပါဆုံးမစာသည် တောင်ဖီလာဆရာတော်ရေးသားသော ဆုံးမစာများမဟုတ်ဘဲ ကျည်းကန်ရှင်ကြီးရေးသားသော ဆုံးမစာများဖြစ်ကြောင်း သိရသည်။

ကျည်းကန်ရှင်ကြီးသည် ကုန်းဘောင်ခေတ်တွင် အလွန်ထင်ရှားသော စာဆိုတော်ကြီးဖြစ်သည်။ အထူးသဖြင့် ကျည်းကန်ရှင်ကြီး၏စကားပုံများ၊ မေတ္တာစာများသည် မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသည်။ ကျည်းကန်ရှင်ကြီး၏အကြောင်းကို ဆရာတော် ၁၀၅ ပါးစာရင်း၌ "သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင်ဖွားမြင်သည်။ နံ-စနေ၊ ဇာတိ-ကြည့်ကန်ရွာ၊ လူမည်- ဦးနု၊ ရှင်သာမဏေမည်-ရှင်နန္ဒဓဇ"ဟူ၍ မှတ်တမ်းတင်ထားသည်။ ကြည့်ကန်ရွာသည် ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ လင်းကတောဆယ်ရွာအဝင် ကြည့်ကန်ရွာဖြစ်သည်။ ကျည်းကန်ရှင်ကြီး ပျံလွန်တော်မူသောနှစ်ကို သက္ကရာဇ် ၁၁၇၃ ခုနှစ်ဖြစ်သည်ဟု ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)က ဆိုထားသည်။

ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာကို ပုံနှိပ်မှုများအရ တောင်ဖီလာဆရာတော်ရေးသည်ဟု သိခဲ့ရပြီး ယခုအသစ်တွေ့ကျည်းကန်စကားပုံကျမ်းပေမူအရ ကျည်းကန်ရှင်ကြီးရေးသည်ဟု သိရသည်။ ထိုအဆိုနှစ်ရပ်တွင် တောင်ဖီလာဆရာတော်ရေးသလား၊ ကျည်းကန်ရှင်ကြီးရေးသလား စစ်ဆေးကြည့်ရပေမည်။ တောင်ဖီလာဆရာတော်သည် စကားပုံများကို အရေးအသားနည်းသည်။ မရှိသလောက်ပင်ဖြစ်သည်။

ကျည်းကန်ရှင်ကြီးသည် စကားပုံများရေးရာတွင် ဝါသနာထုံသည်။ မေတ္တာစာများအတွင်း၌ပင် စကားပုံများကိုထည့်သွင်းရေးသားခဲ့သည်။ ကျည်းကန်စကားပုံကျမ်းဟူ၍ပင် ပေတစ်စောင်တစ်ဖွဲ့ဖြစ်အောင်ရေးသားထားခဲ့သည်။ သို့ဖြစ်သောကြောင့် ဖျက်စု၊ ခက်စု၊ ခဲစုစကားပုံဆုံးမစာများသည် စကားပုံအရေးအသားနည်းသော တောင်ဖီလာဆရာတော် ရေးသားသည်ဆိုခြင်းထက် စကားပုံများကို ဝါသနာထုံစွာရေးသားသော ကျည်းကန်ရှင်ကြီးရေးသည်ဟုဆိုခြင်းက ပို၍သဘာဝကျပေသည်။ တောင်ဖီလာဆရာတော်ရေးသည်ဟု ဖော်ပြထားသောအမှတ်အသားများသည် ပုံနှိပ်မှုများသာဖြစ်ပေသည်။ ကျည်းကန်ရှင်ကြီးရေးသည်ဟု ဖော်ပြသော အမှတ်အသားသည် မူရင်းပေမူအထောက်အထားအရဖြစ်သည်။ အထက်ပါအချက်တို့ကိုထောက်ခြင်းအားဖြင့် ဖျက်စု၊ ခက်စု၊ ခဲစုစကားပုံဆုံးမစာများကို ကျည်းကန်ရှင်ကြီးရေးသည်ဟုဆိုသော အမှတ်အသားသည် ပို၍အထောက်အထားခိုင်လုံသည်။ သို့ဖြစ်သောကြောင့် အဆိုပါဆုံးမစာများကို ကျည်းကန်ရှင်ကြီးရေးသည်ဟု ပြင်ရပေမည်။

ယခုဖော်ပြခဲ့သည်မှာ အသစ်တွေ့ပေမူအရဖြစ်ပေသည်။ သုတေသနဟူသည် ပြီးဆုံးသည်မရှိပေ။ အမြဲတမ်းအထောက်အထားသစ်များကို ရှာနေရသည်။ ယခင်ရှိပြီး အဆိုအမိန့်တစ်ခုသည် အသစ်တွေ့အထောက်အထားအရ မှားသည်ဟုတွေ့လာလျှင် ပြင်ဆင်ရမည်သာဖြစ်သည်။ အထောက်အထားအသစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ခြင်းသည် သုတေသီတို့၏ အဓိက တာဝန်သာဖြစ်ပေသည်။

❖ ကျည်းကန်စကားပုံကျမ်းပေမူကို သေချာဖတ်ရှုလေ့လာသောအခါတွင် တစ်ချိန်က တောင်ဖီလာဆရာတော်ရေးသည်ဟု ဖော်ပြခဲ့သော ဖျက်စု၊ ခက်စု၊ ခဲစု ဆုံးမစာများသည် ကျည်းကန်စကားပုံကျမ်း၌ပါရှိနေသည်ကို တွေ့ရသည်။ ကျည်းကန်စကားပုံကျမ်းပေမူ ကား ကျောချပ်မှ ခ ကျောချပ်တွင် ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများဖြစ်နေသည်။ ထို့ကြောင့် ကျည်းကန်စကားပုံကျမ်းပေမူအရ အဆိုပါဆုံးမစာသည် တောင်ဖီလာဆရာတော်ရေးသားသော ဆုံးမစာများမဟုတ်ဘဲ ကျည်းကန်ရှင်ကြီး ရေးသားသောဆုံးမစာများဖြစ်ကြောင်း သိရသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ကင်းမွန်များ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**မြိတ် ဧပြီ ၅**

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ကင်းမွန်များ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မြိတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ရီရီမွန်က ပြောပြ၍ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့က ကင်းမွန်တစ်ပိဿာလျှင်ငွေကျပ် ၁၆၀၀၀ မှ ၁၇၅၀၀ ထိသာဈေးရှိခဲ့ပြီး မတ်လဒုတိယပတ်မှ ယနေ့ထိ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

“ကင်းမွန်တွေ အထွက်နည်းပြီး အရင်ကထက် ဈေးကောင်းရရှိနေပါတယ်။ အရင်က တစ်ရက်ကို ကင်းမွန်ပိဿာချိန် ၄၀၀ ထိ ကုန်အဝင်၊ အထွက် ရှိပါတယ်။ အခုတော့ တစ်ရက်ကို ပိဿာချိန် ၂၀၀ လောက်ပဲ ကုန်အဝင်၊ အထွက်ရှိတော့တယ်။ ကင်းမွန်ဈေးကတော့ အရင်ကထက် တစ်ပိဿာကို ငွေကျပ် ၇၅၀၀ ပိုပြီးဈေးကောင်းရရှိနေပါတယ်။ ငါးဖမ်းရာသီကုန်ခါနီးလာတာနဲ့ ဖမ်းဆီးရရှိမှုနည်းလာတာကြောင့် ကုန်ချိန်အဝင်နည်းပြီး ဈေးရတာ။ လာမဲ့ရက်တွေမှာ ဈေးပိုကောင်းလာနိုင်ပါတယ်”ဟု မြိတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ရီရီမွန်က ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ဖမ်းဆီးရမိသည့် ကင်းမွန်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချရာတွင် နှစ်လက်မနှင့်အောက်ကင်းမွန်များကိုအခြောက်ပြုလုပ်၍ တင်ပို့ရောင်းချနေပြီး သုံးလက်မနှင့် အထက်အရွယ်အစားရှိသည့် ကင်းမွန်များကို ရေခဲရိုက်သန့်စင်ပြီး ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း မြိတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ရီရီမွန်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မူဆယ် ဧပြီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဖိုင်ကျောင်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုး၊ စီမံကိန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုင်းနော်မိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာတွင်း ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့်အတူ ဖိုင်ကျောင်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက ကျေးလက်နေပြည်သူများ သန့်ရှင်းသောက်သုံးရေ ဖူလုံစွာရရှိစေရန်နှင့် ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ၌ အရှည်ပေ တစ်မိုင်ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပိုက်များကိုပံ့ပိုးပေးခြင်းဖြင့် ကျေးရွာသားများကိုယ်တိုင် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ဖိုင်ကျောင်းကျေးရွာအုပ်စု ကောင်းနားကျေးရွာ၊ ဒင်ဝိန်းကျေးရွာ၊ ဖိုင်ကျောင်းကျေးရွာရှိ အိမ်ခြေ ၉၅ အိမ်၊ လူဦးရေ ၇၇၀ တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီး ကျွဲ၊ နွားတိရစ္ဆာန်များအတွက်လည်း သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက ပြောပြ၍ သိရသည်။

**မြတ်ဆု**

# အဖေ့အတွက် ကဗျာတစ်ပုဒ်

\- အဖေ့ရင်ခွင် ငါငယ်စဉ်က
တိုးဝင်အိပ်စက် ပျော်သည့်ရက်ကို
တွေးလျက်ခုခါ လွမ်းဆွတ်၏။

\- စစ်ရေးတာဝန် ပြည့်တာဝန်ကို
ကျေပွန်ခဲ့ပေ ငါ့အဖေကား
မွေးမြေအညာ ဇာတိရွာတွင်
သူ့မှာအခြေ ကျလေပြီ။

\- အခြေတကျ နေပေရလည်း
ရွာရေးရပ်ဝန် အသိမွန်ဖြင့်
ကျေပွန်စေရေး ကြိုးရှာသေးသည့်
မွေးသဖခင် ကျေးဇူးရှင်သည်
စစ်ဆင်ရေးတွက် ရှေ့တန်းထွက်၍
တက်ကြွမာန်ချီ ဝေးဌာနီမှ
စစ်သည်ငါ့အား ကြင်သနားကာ
ပူများပူပင် ရှာလိမ့်လော။

\- ထိုသို့ရှိလျှင် သိစေချင်၏
သားလျှင် မနွမ်း မပင်ပန်းဘဲ
ရွှင်လန်းကျန်းမာ စစ်ရေးသာအောင်
မကွာနေ့ည ထမ်းဆောင်ရမို့
သောကဆိုလျှင် ဆံခြည်မျှင်မျှ
ဖေ့တွင် မသိ သားစစ်သည်ကို
ယုံကြည်စိတ်ချပါအဖေ။

\- သို့မဟုတ်လျှင် မွေးဖခင်သည်
ငါ့ရင်မှာဖွား ငါ၏သားကား
ယောက်ျားဇာနည် မျိုးချစ်ပီကာ
ပြည်သူတို့တွက် သူ့အသက်ကို
ငဲ့ကွက်မရှိ အပ်နှင်းဘိသည့်
ငါ၏ချစ်သား ပေတကားဟု
ဝင့်ကြွားဂုဏ်ယူ ရှာလိမ့်လော။

\- ထိုသို့ရှိလျှင် သိစေချင်၏
ပျော်ရွှင်ချမ်းမြေ့ သားကြည်မွေ့မို့
အဖေ့အတွေး ဆက်၍တွေးပါ
အတွေးထဲတွင် သားကိုမြင်မည်
တိမ်စင်ငွေလ နှယ်ပါအဖေ။

\- ဩော် . . .
အဖေ့ရင်ခွင် ငါငယ်စဉ်က
တိုးဝင်အိပ်စက် ပျော်သည့်ရက်ကို
တွေးလျက်ခုခါ လွမ်းဆွတ်၏။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## အီရန်နှင့် ဆော်ဒီ နိုင်ငံခြားရေးဝန်ကြီးများ တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမည်

**ပေကျင်း ဧပြီ ၅**

ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ဧပြီ ၆ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးမင်းသား ဖိုင်ဆယ်ဘင်ဖာဟန်းအယ်လ်ဆော့ဒ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အမီရာအက်ဘ်ဒူလာဟီအန်တို့၏ ဧပြီ ၆ ရက်ဆွေးနွေးပွဲကို တရုတ်နိုင်ငံက ကြားဝင်စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသည် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးကျင်းပနိုင်ခဲ့သည့် အီရန်နှင့်ဆော်ဒီထိပ်တန်းသံတမန်များ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ သံအမတ်ကြီးများ အပြန်အလှန်စေလွှတ်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် နှစ်အတန်ကြာမျှ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီး ဒေသတွင်းရန်ဘက်များသဖွယ် ရပ်တည်ခဲ့ကြသော်လည်း တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်စရန် သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ဂျီ-၇ ကုန်သွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ ပို့ကုန်ထိန်းချုပ်ရေးနှင့် စီးပွားရေးလုံခြုံမှုကိစ္စရပ်များ ဆွေးနွေး




**တိုကျို ဧပြီ ၅**

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ ခုနစ်နိုင်ငံအုပ်စု(ဂျီ-၇)ကုန်သွယ်ရေးဝန်ကြီးများသည် ယခုနှစ်၏ ပထမဆုံးအစည်းအဝေးကို ဧပြီ ၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲတွင် ဂျီ-၇ အုပ်စု ကုန်သွယ်ရေးဝန်ကြီးများသည် ပို့ကုန်ထိန်းချုပ်ရေးနှင့် စီးပွားရေးလုံခြုံမှုကိစ္စရပ်များဆွေးနွေးခဲ့သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးပစ္စည်းကိရိယာများ ပြည်ပတင်ပို့မှုကို ကန့်သတ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံက ကြေညာခဲ့ပြီးရက်အနည်းငယ်အကြာတွင် ဂျီ-၇ ကုန်သွယ်ရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

စစ်ရေးအရ အရေးကြီးနည်းပညာများ အမျိုးအစားစုံလာမှုကြောင့် ပေါ်ထွက်လာမည့်ပြဿနာများကို ရင်ဆိုင်ရာတွင် ပို့ကုန်ထိန်းချုပ်မှုမှာအခြေခံကျသည့် မူဝါဒရေးရာ လက်နက်တစ်မျိုးဖြစ်ကြောင်း ဂျီ-၇ ကုန်သွယ်ရေးဝန်ကြီးများက ဧပြီ ၄ ရက် ဆွေးနွေးပွဲအပြီးတွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံကဲ့သို့ပင် အမေရိကန်နိုင်ငံကလည်း တရုတ်နိုင်ငံ၏ စစ်ရေးနည်းပညာတိုးတက်မှုအရှိန်အဟုန်ကို လျှော့ချရေးအတွက် ပို့ကုန်ထိန်းချုပ်မှုများလည်း ပြုလုပ်ထားသည်။

ဂျီ-၇ အုပ်စုကို အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ကနေဒါနိုင်ငံတို့ဖြင့်ဖွဲ့စည်းထားကြောင်း သိရသည်။ KKO

## အယ်လ်အက္ကဆာဗလီဝတ်ကျောင်းကို အစ္စရေးရဲတပ်ဖွဲ့ ဝင်ရောက်စီးနင်း

**ဂျေရုဆလင် ဧပြီ ၅**

အစ္စရေးရဲတပ်ဖွဲ့ဝင်များသည် ဂျေရုဆလင် မြို့တော်ဟောင်းရှိ အယ်လ်အက္ကဆာဗလီဝတ်ကျောင်းတစ်ကျောင်းအတွင်းသို့ ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်စီးနင်းခဲ့ပြီး လူပေါင်း ၃၅၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အယ်လ်အက္ကဆာ ဗလီဝတ်ကျောင်းကို ဝင်ရောက်စီးနင်းစဉ် အစ္စရေး ရဲတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းဝတ်ပြုသူများကြား ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား တစ်နှစ်ကြာမျှ အခြေအနေများတင်းမာနေစဉ် အစ္စရေးရဲတပ်ဖွဲ့ဝင်များက ထိုကဲ့သို့ အယ်လ်အက္ကဆာဗလီဝတ်ကျောင်းကို စီးနင်းခဲ့ခြင်းဖြစ်သည်။

ပြဿနာရှာလိုသူများက အယ်လ်အက္ကဆာဗလီဝတ်ကျောင်းအတွင်းသို့ မီးရှူးမီးပန်းများ၊ တုတ်များ၊ ခဲများယူဆောင်လာမှုကြောင့် စီးနင်းဖမ်းဆီးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အယ်လ်အက္ကဆာ ဗလီဝတ်ကျောင်း စီးနင်းခံခဲ့ရပြီးနောက် ဂါဇာကမ်းမြောင် အခြေစိုက် ပါလက်စတိုင်းအုပ်စုများက အစ္စရေးနိုင်ငံကို ဒုံးကျည်ကိုးစင်းဖြင့်ပစ်ခတ်ခဲ့ရာ အစ္စရေးစစ်ဘက်ကလည်း လေကြောင်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

အယ်လ်အက္ကဆာ ဗလီဝတ်ကျောင်း၌ ၂၀၂၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ၎င်းနှစ်အတွင်းမှာပင် အစ္စရေးနှင့် ဂါဇာကမ်းမြောင်တို့ကြား ၁၀ ရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။ KKO



## ပြင်သစ်သမ္မတ မက်ခရွန် တရုတ်ခရီးစဉ်မစတင်မီ အမေရိကန်သမ္မတနှင့် ဖုန်းခေါ်ဆိုဆွေးနွေး

**ပါရီ ဧပြီ ၅**



ပြင်သစ်သမ္မတ မက်ခရွန်သည် ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်ကို မစတင်မီ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခ မြန်ဆန်စွာ အဆုံးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံနေရန် ယနေ့ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတ မက်ခရွန်နှင့် ဂျိုးဘိုင်ဒင်တို့က သဘောတူခဲ့ကြကြောင်း ပြင်သစ်သမ္မတနန်းတော်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဥရောပ၌ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်လည်း သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတမက်ခရွန်တို့က သဘောတူခဲ့ကြကြောင်းလည်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ယနေ့မှ ဧပြီ ၆ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားပြီး အဆိုပါခရီးစဉ်အတွင်း ပြင်သစ်သမ္မတ မက်ခရွန်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများနှင့် ယူကရိန်းပြဿနာတို့ကို ဆွေးနွေးမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြင်သစ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်-ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေး လမ်းစဉ်သစ်နှင့် ပတ်သက်၍ ဆွေးနွေးမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။ KKO

## အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုနှုန်း ၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၁ ရာခိုင်နှုန်းကျော် မြင့်တက်

**နယူးဒေလီ ဧပြီ ၅**

၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှုန်းမှာ ၃၃ နှစ်တာကာလအတွင်း အမြင့်ဆုံးနှုန်းဖြင့် မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စက်ရုံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစံချိန်တင်မြင့်တက်လာမှုကြောင့် ထိုကဲ့သို့အမြန်ဆုံးနှုန်းဖြင့် မြင့်တက်လာခြင်းဖြစ်သည်။

ပြင်းထန်သည့် နွေရာသီအပူလှိုင်းများ၊ ပုံမှန်ထက်ပိုအေးခဲ့သောဆောင်းရာသီနှင့် စီးပွားရေးနာလန်ပြန်ထူလာမှုတို့ကြောင့် ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်တက်လာခဲ့ရသည်။

သို့ဖြစ်ရာ ဓာတ်အားပြတ်တောက်မှုကို ရှောင်ရှားရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများနှင့် နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုပမာဏကို မြှင့်တင်ခဲ့ရခြင်းဖြစ်သည်။

အိန္ဒိယအစိုးရစာရင်းဇယားများအရ ပြီးခဲ့သည့်လတွင် ကုန်ဆုံးခဲ့သော ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီး လျှပ်စစ်ဓာတ်အားပမာဏ ကီလိုဝပ်နာရီ သန်းပေါင်း ၁၅၉၁ ဒသမ ၁၁ ဘီလီယံရှိခဲ့ပြီး အဆိုပါဓာတ်အားထုတ်လုပ်နိုင်မှုနှုန်းသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အမြင့်မားဆုံး ထုတ်လုပ်မှုနှုန်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တီယန်လောင်း-၂ လောင်စာခဲသုံးဒုံးပျံကို စပေ့စ်ပိုင်အိုနီးယားကုမ္ပဏီ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့



**ပေကျင်း ဧပြီ ၅**

တရုတ်နိုင်ငံအခြေစိုက် စပေ့စ်ပိုင်အိုနီးယားကုမ္ပဏီသည် တီယန်လောင်း-၂ အမည်ရှိ လောင်စာခဲသုံးဒုံးပျံကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၄ ရက်က ရေးသားတင်ပြထားသည်။

တီယန်လောင်း-၂ ဒုံးပျံကို ဂိုဘီသဲကန္တာရဒေသ ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် ဧပြီ ၂ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် တီယန်လောင်း-၂ ဒုံးပျံသည် သယ်ဆောင်သွားသည့် နည်းပညာစမ်းသပ် ဂြိုဟ်တုငယ်တစ်စင်းကို ကမ္ဘာမြေပြင်အထက် မိုင် ၃၇၀ နှင့် မိုင် ၅၀၀ ကြားတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်ပိုင်အိုနီးယားကုမ္ပဏီသည် လောင်စာခဲသုံးဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည့် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိက အာကာသနည်းပညာကုမ္ပဏီအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တီယန်လောင်း-၂ ဒုံးပျံသည် အဆင့် သုံးဆင့်ပါ ဒုံးပျံဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၂၀၀၀ ရှိသည့် ဂြိုဟ်တုများကို ကမ္ဘာ့ပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ပို့ပေးနိုင်ကြောင်း သိရသည်။

အလားတူ အလေးချိန်ကီလိုဂရမ် ၁၅၀၀ ရှိသော ဂြိုဟ်တုများကိုလည်း ကမ္ဘာမြေအထက် အမြင့် ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ကြောင်း သိရသည်။

KKO

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းက ရေဒီယိုလှိုင်းများထုတ်လွှင့်နေသည်ကို နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဧပြီ ၅**

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းနှင့် ၎င်းဂြိုဟ်ဗဟိုပြုလှည့်ပတ်နေသော ကြယ်တို့က ရေဒီယိုလှိုင်းများ ထုတ်လွှင့်နေသည်ကို နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိထားကြောင်း CNN သတင်းဌာနက ဧပြီ ၄ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပဂြိုဟ်နှင့် ၎င်း၏မိခင်ကြယ်တို့သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂ နှစ်သာကွာဝေးကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သိပ္ပံပညာရှင်များသည် အဆိုပါဂြိုဟ်ကို ဝိုင်ဇက်စီတီဘီဂြိုဟ်ဟူ၍ လည်းကောင်း၊ မိခင်ကြယ်ကို ဝိုင်ဇက်စီတီကြယ်ဟူ၍လည်းကောင်း အမည်ပေးထားသည်။



ဝိုင်ဇက်စီတီဘီဂြိုဟ်မှ ထုတ်လွှင့်နေသည့် ရေဒီယိုလှိုင်းများသည် အဆိုပါဂြိုဟ်၌ သံလိုက်စက်ကွင်းနှင့် လေထုလွှာတို့ရှိနေနိုင်သည့် လက္ခဏာဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဝိုင်ဇက်စီတီဘီဂြိုဟ်ပေါ်၌ သံလိုက်စက်ကွင်းရှိခဲ့ပါက အဆိုပါ သံလိုက်စက်ကွင်းသည် ဂြိုဟ်၏ လေထုလွှာ မပျောက်ကွယ်သွားစေရန် ထိန်းပေးထားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် နယူးမက္ကဆီကိုရှိ မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်ဖြင့် ဝိုင်ဇက်စီတီကြယ်နှင့် ဝိုင်ဇက်စီတီဘီဂြိုဟ်တို့ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၉ ကြိမ်မြောက်အဖြစ် ပျံသန်းခဲ့

**ဝါရှင်တန် ဧပြီ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် ဧပြီ ၂ ရက်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၉ ကြိမ်မြောက်အဖြစ် ပျံသန်းခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၄ ရက်က ရေးသားတင်ပြထားသည်။

၄၉ ကြိမ်မြောက် ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် စံချိန်မျိုးစုံကို ချိုးနိုင်ခဲ့သည်ဟု နာဆာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်သည် ဧပြီ ၁ ရက်တွင် အမြင့် ၅၂ ဒသမ ၅ ပေထိ တက်ရောက်၍ တစ်နာရီလျှင် ၁၄ ဒသမ ၅ မိုင်နှုန်းဖြင့် ပျံသန်းခဲ့သည်ဟု နာဆာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ယခင်က တစ်နာရီလျှင် ၁၃ ဒသမ ၄ မိုင် အမြန်နှုန်းဖြင့်သာ စံချိန်တင် ပျံသန်းခဲ့ဖူးပြီး အမြင့်ကိုလည်း ၄၉ ပေထိသာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်နှင့်အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အင်္ဂါဂြိုဟ် ဂျီဇီရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေသို့ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အိပ်ရေးမဝမှုပြဿနာနှင့် မျိုးဗီဇတို့ကြောင့် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**ပေကျင်း ဧပြီ ၅**

အိပ်ရေးမဝမှုပြဿနာနှင့် မျိုးဗီဇနောက်ခံအကြောင်းတရားများရှိနေသူများတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆ မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဧပြီ ၄ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ ရှန်တောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပန်းနာရင်ကျပ်ရောဂါအတွက် မျိုးဗီဇ အကြောင်းတရားရှိနေသူများတွင် အဆိုပါရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၄၇ ရာခိုင်နှုန်းပိုမြင့်မားပြီး အိပ်စက်မှုဆိုင်ရာပြဿနာများရှိနေသူများတွင်မူ ၅၅ ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် မျိုးဗီဇအကြောင်းတရားနှင့် အိပ်စက်မှုဆိုင်ရာ ပြဿနာနှစ်မျိုးလုံးရှိနေသူများတွင် ပုံမှန်ထက် ၁၂၂ ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အိပ်စက်မှုပြဿနာများကို ကုသခြင်းဖြင့် မျိုးဗီဇအကြောင်းတရားများရှိနေသည့်တိုင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အိပ်စက်မှုဆိုင်ရာ ပြဿနာများသည် ပြင်းထန်သည့်ရောင်ရမ်းမှုများနှင့် ဆက်စပ်နေတတ်သည်။

တရုတ် သုတေသနပညာရှင်များသည် လူဦးရေ ၄၅၅၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Monoclonal antibody ပဋိပစ္စည်းများ ကိုဗစ်ရောဂါကိုကုသရာတွင် ထိရောက်မှုရှိ

**နယူးယောက် ဧပြီ ၅**

Monoclonal antibody ခေါ် ဓာတ်ခွဲခန်းအတွင်းဖန်တီးသည့် ပဋိပစ္စည်းများသည် ကိုဗစ်ရောဂါကို ကုသရာတွင်ထိရောက်မှုရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဧပြီ ၄ ရက်က ရေးသားတင်ပြထားသည်။


အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ Monoclonal antibody ပဋိပစ္စည်းများကို ကိုဗစ်ရောဂါ စစ်ဆေးတွေ့ရှိပြီး နှစ်ရက်အတွင်း အသုံးပြုကုသပါက လူနာများ ဆေးရုံတက်ရနိုင်ခြေနှင့် သေဆုံးနိုင်ခြေကို ၃၉ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Monoclonal antibody ပဋိပစ္စည်းများသည် ကိုဗစ်လူနာများ၏ အသက်ကို ကယ်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ကာလအတွင်း Monoclonal antibody ပဋိပစ္စည်း အမျိုးအစားငါးမျိုးကို ကိုဗစ်လူနာများအတွက် အသုံးပြုခွင့်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဋိပစ္စည်းများသည် ကိုရိုနာဗိုင်းရပ်များ ဆဲလ်များအတွင်းကူးစက်ဝင်ရောက်၍ ပွားများမှုကို တားဆီးပေးသည့် ပဋိပစ္စည်းများဖြစ်ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် Monoclonal antibody ပဋိပစ္စည်းများဖြင့် ကုသမှုခံယူခဲ့သော လူနာဦးရေ ၂၆၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘီလ်ဘာအိုကို အနိုင်ရခဲ့သည့် အိုဆာဆူနာအသင်း ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲသို့ ၁၇ နှစ်အကြာမှ ပြန်လည်တက်ရောက်နိုင်ခဲ့



**မက်ဒရစ် မေ ၅**

စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘီလ်ဘာအိုအသင်းနှင့် အိုဆာဆူနာအသင်းတို့ကစားခဲ့ရာ အိုဆာဆူနာအသင်းက အချိန်ပိုတွင် အနိုင်ရခဲ့သောကြောင့် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲသို့ ၁၇ နှစ်အကြာတွင် ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိုဆာဆူနာအသင်းသည် ပထမအကျော့တွင် ဘီလ်ဘာအိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့အဝေးကွင်းပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်တူညီနေသဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ရာ အချိန်ပိုပွဲကစားချိန် ၁၀၆ မိနစ်တွင် တိုက်စစ်မှူး အီဗန်နက်ဂ်၏ သွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလား သမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲသို့ ၂၀၀၅ ခုနှစ်ကတစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ကွာတားဖိုင်နယ်အဆင့်ထိ အမြင့်ဆုံးရောက်ရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ၁၇ နှစ်အကြာတွင် ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာအသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ထဲမှ အနိုင်ရသည့်အသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို မေ ၇ ရက်တွင် ဆီဗီလာမြို့ရှိ ဆီဗီလာအသင်းအိမ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် တတိယမြောက် ပွဲအများဆုံးကစားသမားအဖြစ် လီဗာပူးအသင်းမှ ဂျိမ်းမီနာ မှတ်တမ်းဝင်

**လန်ဒန် မေ ၅**

လီဗာပူးအသင်း ဝါရင့်ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဂျိမ်းမီနာသည် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် လူစားဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တတိယမြောက် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း The Athltic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဂျိမ်းမီနာသည် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပွဲ ၆၁၀ ပြည့်မြောက်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်၏ ၆၀၉ ပွဲစံချိန်ကို ကျော်ဖြတ်ပြီး တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျိမ်းမီနာသည် ကစားသမားဘဝကို ၂၀၀၂ ခုနှစ်က လိဒ်အသင်းနှင့်စတင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လိဒ်အသင်း၊ နယူးကာဆယ်အသင်း၊ အေဗီလာအသင်း၊ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့တွင် နှစ်အတန်ကြာကစားခဲ့ပြီးနောက် မှတ်တမ်းကောင်းများ ပိုင်ဆိုင်ခဲ့ဖူးသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ပွဲအများဆုံးကစားသမားအဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် မန်စီးအသင်း ကစားသမားဟောင်း ဘယ်ရီက ၆၅၃ ပွဲဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး မန်ယူအသင်းကစားသမား ရိုင်ယန်ဂစ်က ၆၃၂ ပွဲဖြင့် ဒုတိယ၊ ဂျိမ်းမီနာက ပွဲ ၆၁၀ ဖြင့် တတိယ၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်က ၆၀၉ ပွဲဖြင့် စတုတ္ထနှင့် လီဗာပူး၊ အေဗီလာနှင့် မန်စီးတီးအသင်းကစားသမားဟောင်း ဒေးဗစ်ဂျိမ်းက ၅၇၂ ပွဲဖြင့် ပဉ္စမနေရာတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

STA



# 2023 Masters ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တိုက်ဂါးဝုဒ်ပြောကြား

**ဝါရှင်တန် မေ ၅**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဩဂတ်စတာတွင် ကျင်းပမည့် 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂေါက်သီးရိုက်လောက၏ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက် ကစားသမားဖြစ်သည့်တိုက်ဂါးဝုဒ်က ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့ကြောင်း TOI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁)မှ ကမ္ဘာ့အဆင့်(၃) နေရာတို့တွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာ၊ မက်အီလ်ရွိုင်းနှင့် ဂျွန်ရမ်းတို့လည်း 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ယှဉ်ပြိုင်နေသည့် ကစားသမားများသည် PGA Tour များတွင် ပါဝင် ယှဉ်ပြိုင်ခွင့်မရတော့သည့် အခြေအနေဖြစ်ပြီး PGA Tour တွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရသည်ကို စိတ်ခံစားမှုမရှိသော်လည်း Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် ဆန္ဒရှိနေကြပြီး 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှ ကစားသမား ၁၈ ဦးထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

တိုက်ဂါးဝုဒ်က "၂၀၂၂ ခုနှစ်မှာတုန်းကလဲ Masters ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ ကြံ့ခိုင်မှုပိုင်း ၁၀၀ ရာခိုင်နှုန်းအပြည့်အဝမှာ ရှိမနေပေမဲ့ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ အခုဒီနှစ်မှာလဲ ပြိုင်ပွဲအနည်းငယ်သာပါဝင်ယှဉ်ပြိုင်ထားပြီး အနားယူနေတာက များပါတယ်။ Masters ဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ မလွဲချော်လိုတဲ့အတွက် ဒီနှစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပါရီအိုလံပစ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက အီရန်အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်

**ရန်ကုန် မေ ၅**

ပါရီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အီရန်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်ဂိုးကန်သွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အာရှထိပ်သီးအီရန်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် ချက်ထရီနေဇ်က အီရန်အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း မြန်မာအမျိုးသမီးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့ရာ အခွင့်အရေးတချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အသုံးချနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက အီရန်အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။


မြန်မာအမျိုးသမီးအသင်းနှင့် အီရန်အမျိုးသမီးအသင်းတို့သည် ပါရီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို မေ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဖရိုင်းဘတ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြတူချယ်လက်ထက်တွင် ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။
- ဖီအိုရင်တီးနား ကွင်းလယ်ကစားသမား အမ်မရာဘတ်သည် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့် မိုဟာမက်ဆီနောက်က ပြောကြားခဲ့သည်။
- လာမည့် အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲကို ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း ယူအီးအက်ဖ်အေက အတည်ပြုထုတ်ပြန်ခဲ့သည်။ ML

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အိုကိုလီက ဘီလီယမ်စမစ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်




**လန်ဒန် မေ ၅**

WBO ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲအဖြစ် အင်္ဂလန်လက်ဝှေ့သမား အိုကိုလီက တစ်နိုင်ငံတည်းသားဖြစ်သူ ဘီလီယမ်စမစ်နှင့် မေ ၂၇ ရက်တွင် အင်္ဂလန်နိုင်ငံ ဘုန်းမောက်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း WBO အဖွဲ့ချုပ်က တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း RingTV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုကိုလီသည် ဘီလီယမ်စမစ်နှင့်မတိုင်မီ လက်ရှိချန်ပီယံကာကွယ်ပွဲကို သုံးကြိမ်တိုင်တိုင် အောင်မြင်စွာထိုးသတ်ထားနိုင်ပြီး ယခုစတုတ္ထအကြိမ်အဖြစ် European and Commonwealth ခရူဆာဝိတ်တန်းချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသည့် ဘီလီယမ်စမစ်နှင့် ထိုးသတ်ရမည့် စိန်ခေါ်ပွဲသည် ၎င်းအတွက် ခက်ခဲသည့်စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။

အိုကိုလီသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သကဲ့သို့ ဘီလီယမ်စမစ်သည်လည်း ကစားသမားဘဝသက်တမ်းတစ်လျှောက် ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။

အင်္ဂလန်လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သဖြင့် အင်္ဂလန်လက်ဝှေ့လောကအတွက် စိတ်ဝင်စားစရာကောင်းသည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်သကဲ့သို့ အင်္ဂလန်လက်ဝှေ့ပရိသတ်များ မြင်တွေ့ချင်သည့် စိန်ခေါ်ပွဲလည်းဖြစ်သည်။

အိုကိုလီနှင့် ဘီလီယမ်စမစ်တို့သည် ယခင်က Gym တစ်ခုတည်းတွင် Gym အတူ ကစားခဲ့ဖူးသူများဖြစ်ပြီး ပုဂ္ဂိုလ်ရေးအရလည်း ရင်းနှီးသူများဖြစ်ကြောင်း သိရသည်။

AZL

# ကွင်းလယ်ဒိုင်ကို ရန်လိုသည့်အပြုအမူကြောင့် တိုက်စစ်မှူးမစ်ထရိုဗစ် ထပ်တိုးပြစ်ဒဏ်ချမှတ်ခံရ

**လန်ဒန် မေ ၅**

မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကစားခဲ့သည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဖူလ်ဟမ်တိုက်စစ်မှူး မစ်ထရိုဗစ်သည် ကွင်းလယ်ဒိုင်ကို ရန်လိုသည့်အပြုအမူကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ကစွဲချက်တင်စစ်ဆေးမှုများပြုလုပ်ကာ ယနေ့တွင် ရစ်ပွဲပယ်ပြစ်ဒဏ် ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဖူလ်ဟမ်အသင်းသည် ပွဲကစားချိန် မိနစ် ၅၀ တွင် မစ်ထရိုဗစ်၏သွင်းဂိုးဖြင့် ဦးဆောင်ထားနိုင်သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဝီလျံက မန်ယူအသင်း၏ သွင်းဂိုးကို လက်ဖြင့်ဟန့်တားခဲ့သဖြင့် တိုက်ရိုက်အနီကတ် ပြသခံခဲ့ရကာ ပင်နယ်တီပြစ်ဒဏ်ဘော သတ်မှတ်သည်ကို တိုက်စစ်မှူး မစ်ထရိုဗစ်က ကျေနပ်မှုမရှိဘဲ ကွင်းလယ်ဒိုင်ကာဗန်နာချ်ကို လက်ဖြင့်ဆောင့်တွန်းခဲ့မှုကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

မစ်ထရိုဗစ်၏ အပြုအမူသည် ကွင်းလယ်ဒိုင်ကို တိုက်ခိုက်လိုသည့်အခြေအနေကြောင့် ကနဦး သုံးပွဲပယ်ပြစ်ဒဏ်သာ ချမှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် အက်ဖ်အေက ရုပ်သံမှပြန်လည်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် ကွင်းလယ်ဒိုင်ကို ရန်လိုသည့်အပြုအမူမှာ ထင်ရှားသဖြင့် ရှစ်ပွဲပယ်ထိ ထပ်တိုးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးသမိုင်းတွင် ၁၉၉၈ ခုနှစ်က ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရှက်ဖီးအသင်းတိုက်စစ်မှူး ကာဒီနီသည် ကွင်းလယ်ဒိုင်ကိုတွန်းတိုးမှုကြောင့် ၁၁ ပွဲပယ်ပြစ်ဒဏ်ထိ အများဆုံးချမှတ်ခံရပြီးနောက်ပိုင်း မစ်ထရိုဗစ်သည် ဒုတိယမြောက် အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခံရသည့် ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

ML

# လက်စတာအသင်းနည်းပြရာထူးအတွက် ဂျက်ဆီမက်ချ်နှင့် ဟက်ဆန်ဟတ်တို့ ထိပ်ဆုံးမှဦးဆောင်နေ

**လန်ဒန် မေ ၅**

ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ဆိုးများနှင့် ရှုန်းကန်နေရသည့် လက်စတာအသင်းက နည်းပြရော်ဂျာကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိရာ နည်းပြဂျက်ဆီမက်ချ်နှင့် ဟတ်ဆန်ဟတ်တို့က လက်စတာနည်းပြရာထူးအတွက် ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်စတာအသင်းသည် နည်းပြရော်ဂျာနှင့် လေးနှစ်ကြာလက်တွဲခဲ့ပြီးနောက် ယခုနှစ်တွင် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲကစားအပြီးတွင် ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ၁၇ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၅ မှတ်သာရရှိခဲ့ပြီး တန်းဆင်းဇုန်တွင် ရောက်ရှိနေသောကြောင့် အသင်းဘုတ်အဖွဲ့က ရော်ဂျာကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်းနေရာတွင် နည်းပြသစ်တစ်ဦး အမြန်ဆုံးခန့်အပ်ရန်စီစဉ်လျက်ရှိသည်။

လက်ရှိတွင် လက်စတာအသင်းနည်းပြရာထူးအတွက် နည်းပြဘင်နီတက်ဇ်၊ နည်းပြဟက်တာ၊ နည်းပြဂျက်ဆီမက်ချ်နှင့် နည်းပြဟက်ဆန်ဟတ်တို့ကို ရွေးချယ်ထားသော်လည်း ယခင် လိဒ်အသင်းနည်းပြဟောင်း ဂျက်ဆီမက်ချ်နှင့် ဆောက်သမ်တန်အသင်း နည်းပြဟောင်း ဟတ်ဆန်ဟတ်တို့က ထိပ်ဆုံးမှ ဦးဆောင်နေပြီး အသင်းတာဝန်ရှိသူများက ဂျက်ဆီမက်ချ်ကို ခန့်အပ်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။



နည်းပြ ဂျက်ဆီမက်ချ်သည် နည်းပြလောကသို့ ၂၀၁၂ ခုနှစ်က ကနေဒါကလပ် မွန်ထရီရယ်အသင်းနှင့် စတင်ဝင်ရောက်ခဲ့ပြီး နယူးယောက်ရက်ဘူးလ်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဆဲလ်ဘတ်အသင်းနှင့် လိဒ်အသင်းတို့ကို ကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့သူဖြစ်သကဲ့သို့ ဟက်ဆန်ဟတ်သည်လည်း ဂျာမနီကလပ်အာလန်းအသင်းနှင့် ၂၀၁၁ ခုနှစ်တွင် နည်းပြဘဝစတင်ခဲ့ကာ အင်ဂိုစတက်၊ လိုက်ပ်ဇစ်နှင့် ဆောက်သမ်တန်အသင်းတို့ကို တာဝန်ယူခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

ML

# မွန်တီကာရိုးလ်တင်းနစ်ပြိုင်ပွဲမှ ရာဖေးလ်နာဒယ်လ်နှင့် အယ်ကာရက်ဇ်တို့ နုတ်ထွက်

**ပဲရစ် မေ ၅**

ပြင်သစ်နိုင်ငံတွင် ယခုလဒုတိယပတ်၌ စတင်ကျင်းပမည့် မွန်တီကာရိုးလ်တင်းနစ်ပြိုင်ပွဲတွင် စပိန်နာမည်ကြီး ကစားသမားများဖြစ်ကြသည့် ရာဖေးလ်နာဒယ်လ်နှင့် အယ်ကာရက်ဇ်တို့က ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ပြောကြားခဲ့သည်ဟု CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်လ်နှင့် အယ်ကာရက်ဇ်တို့သည် ကြွက်သားဒဏ်ရာမှ မပြည့်ဝသေးသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး လာမည့်မေလတွင်ကျင်းပမည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲအမီ ကြွက်သားဒဏ်ရာမှပြန်လည်ကောင်းမွန်လာစေရေးကိုသာ အာရုံစိုက်လျက်ရှိကြသည်။

ရာဖေးလ်နာဒယ်လ်က "ပရိသတ်တွေကို အသိပေးချင်တာကတော့ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတစ်ရပ်မှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုရင် အဘက်ဘက်က ၁၀၀ ရာခိုင်နှုန်းမှာ မရှိရင်ဝင်မပြိုင်ချင်ပါဘူး။ မွန်တီကာရိုးလ်တင်းနစ်ပြိုင်ပွဲဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ ပြိုင်ပွဲတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကြွက်သားဒဏ်ရာ မပြည့်ဝသေးတဲ့အတွက် ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် အယ်ကာရက်ဇ်က "မကြာသေးမီက ကျင်းပခဲ့တဲ့ မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နောက်ကျောဒဏ်ရာနဲ့လက်မောင်းဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာပြန်ကောင်းဖို့အတွက် အချိန်ပေးရမှာဖြစ်သလို ပြိုင်ပွဲဝင်ဖို့ ပြည်ပကိုထွက်ခွာလာတာ နှစ်လကျော်သွားပါပြီ။ ကျွန်တော်အိမ်ပြန်ချင်တယ်။ ကြွက်သားဒဏ်ရာမှပြည့်ဝမှ ပြိုင်ပွဲထဲကို အကောင်းဆုံးပုံစံနဲ့ ပြန်ဝင်လာခဲ့ပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ဆော်ဒီကလပ် အယ်ဟိုင်လယ်အသင်းက မက်ဆီကို တစ်နှစ်လုပ်ခ စတာလင်ပေါင်သန်း ၃၅၀ ဖြင့် ခေါ်ယူရန်ကမ်းလှမ်း

**ရိုမ်ယာဒ် မေ ၅**

ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်ဟိုင်လယ်အသင်းက ပီအက်စ်ဂျီအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် မက်ဆီကို ကမ္ဘာ့စံချိန်တင်လုပ်ခလစာဖြစ်သည့် တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၃၅၀ ဖြင့် ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်ဟု B/R Football က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေသော်လည်း ၎င်းကိုယ်တိုင်က ငြင်းဆိုထားပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အယ်ဟိုင်လယ်အသင်းကလည်း ဒေသတွင်းပြိုင်ဘက် အယ်နာဆာအသင်းက မက်ဆီနှင့် ခေတ်ပြိုင်ကစားသမားဖြစ်သည့် စီရော်နယ်ဒိုကို မြင့်မားသည့် လုပ်ခလစာဖြင့် တစ်နှစ်လုပ်ခ စတာလင်ပေါင် ၁၇၅ သန်းဖြင့် ခေါ်ယူထားသည့်အတွက် ၎င်းတို့ကလည်း မက်ဆီကို စီရော်နယ်ဒိုရရှိနေသည့် လုပ်ခလစာထက် နှစ်ဆကျော်သည့်ပမာဏဖြင့် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီအနေဖြင့် အစောပိုင်းက ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို လက်ခံပြီး ဆွေးနွေးခဲ့သော်လည်း နောက်ပိုင်းတွင် ပီအက်စ်ဂျီအသင်းပရိသတ်များက ၎င်းကို လှောင်ပြောင်မှုများပြုလုပ်ခဲ့သည့်အတွက် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းဟောင်း ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသော်လည်း ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းအရ မက်ဆီကို ခေါ်ယူရန် မဖြစ်နိုင်သည့်အခြေအနေကြောင့် အယ်ဟိုင်လယ်အသင်းက ကမ္ဘာ့စံချိန်တင် လုပ်ခလစာပေးချေ၍ ခေါ်ယူရန် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

STA

# ဂျပန်-အိန္ဒိယ ဆက်ဆံရေး အလားအလာ

ဝင်းဇင် (သုတေသန)



ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် နှစ်နိုင်ငံကြား ထိပ်သီးဆွေးနွေးပွဲများပြုလုပ်ရန်အတွက် မတ် ၂၀ ရက်မှ မတ် ၂၁ ရက်ထိ အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည်။ အိန္ဒိယနှင့်ဂျပန်ခေါင်းဆောင်တို့သည် ၂၀၀၆ ခုနှစ်မှစ၍ နှစ်နိုင်ငံအပြန်အလှန် သွားရောက်လည်ပတ်မှုများ ပြုလုပ်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် Quad ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန်နှင့် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန်အတွက် ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ နှစ်ကြိမ်သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်များအတွင်း ကီရှီဒါနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏ အိန္ဒိယခရီးစဉ်နှင့်စပ်လျဉ်း၍ ကောလာဟလများ ထွက်ပေါ်ခဲ့သည်။ နိုင်ငံရေးလေ့လာသုံးသပ်သူများကမူ မတ်လအစောပိုင်းတွင် အိန္ဒိယနိုင်ငံက လက်ခံကျင်းပခဲ့သော G-20 နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီဟီမာဆာတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် ဝန်ကြီးချုပ်ကီရှီဒါသည် အိန္ဒိယသို့ ရုတ်တရက် သွားရောက်လည်ပတ်ခြင်းဖြစ်သည်ဟု ကောက်ချက်ချပြောဆိုလျက်ရှိသည်။ ထိုစဉ်က ယိုရှီဟီမာဆာသည် ဂျပန်နိုင်ငံ၏လွှတ်တော်ဘတ်ဂျက်ကော်မတီတွင် ဘဏ္ဍာရေးဆိုင်ရာ ရှင်းလင်းပြောကြားရန်ရှိသဖြင့် G-20 အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိဟု ဆိုသည်။

G-20 ထိပ်သီးအစည်းအဝေးသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ဂန်၊ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝုန်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလဗ်ရော့ဗ်၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစလီဗာလီနှင့် ဥရောပသမဂ္ဂ ဂျိုးဇက်ဘောရယ်တို့တက်ရောက်ခဲ့ကြပြီး ကြံခေါင့်ကြံခဲတွေ့ဆုံဆွေးနွေးမှုပင်ဖြစ်သည်။ သို့သော် ယိုရှီဟီမာဆာသည် G-20 အစည်းအဝေးပြီးနောက် ပြုလုပ်သည့် Quad ဝန်ကြီးများ အစည်းအဝေးနှင့် Raisina Dialogue သို့လည်း တက်ရောက်ခဲ့သည်။

ကီရှီဒါသည် မိုဒီနှင့်တွေ့ဆုံဆွေးနွေးစဉ် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ "ယနေ့ ယူကရိန်းတွင် ဖြစ်နေသော်လည်း မနက်ဖြန်တွင်အရှေ့အာရှ၌ ဖြစ်လာနိုင်ကြောင်း" ရည်ညွှန်းပြောဆိုခဲ့ပြီး အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်ပြင်တို့တွင် ဖြစ်ပေါ်နေမှုများကိုလည်း အလေးထားပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ကိုယ်တိုင်ထမ်းဆောင်ခဲ့ဖူးသော ကီရှီဒါသည် ပြည်ပအစည်းအဝေးများ၏အရေးပါမှုကို သိရှိသဘောပေါက်ထားသည်။ ဖေဖော်ဝါရီလအတွင်းကလည်း G-20 ဘဏ္ဍာရေးဝန်ကြီးများနှင့် ဘဏ်အကြီးအကဲများ အစည်းအဝေး ပြုလုပ်ခဲ့သေးသည်။

မည်သို့ပင်ဆိုစေ ဂျပန်နိုင်ငံသည် ၎င်း၏ပထဝီနိုင်ငံရေးဆိုင်ရာအရေးပါမှုကို မြှင့်တင်လျက်ရှိသည့်အတွက် G-20 နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးထက် Quad အစည်းအဝေးကို ပိုမိုအလေးထားလျက်ရှိသည်။ ထို့ကြောင့် G-20 နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ယိုရှီဟီမာဆာ မတက်ရောက်ခဲ့သော်လည်း ကီရှီဒါကိုယ်တိုင် အိန္ဒိယသို့သွားရောက်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုလေးနက်လာစေပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုသည် အပြုသဘောဆောင်သောရလဒ်များ ဖော်ဆောင်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသည် G-20 အစည်းအဝေးများလက်ခံကျင်းပသလို ဂျပန်နိုင်ငံအနေဖြင့် G-7 အစည်းအဝေးများ လက်ခံကျင်းပသွားမည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အဆိုပါဖိုရမ်များတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးသည် G-7 အစည်းအဝေး၌ ဂျပန်နိုင်ငံကစွဲကိုင်ထားသော ထိပ်တန်းဦးစားပေးအစီအစဉ်ဖြစ်သည်။ ဆိုလိုသည်မှာ ယူကရိန်းအရေးကို ရည်ညွှန်းပြောဆိုခြင်းပင်ဖြစ်သည်။ ထို့ပြင် G-20 အစည်းအဝေး၌လည်း အဆိုပါခေါင်းစဉ်ကိုပင် ထပ်မံဆွေးနွေးခဲ့သေးသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် ကီရှီဒါ-မိုဒီ အစည်းအဝေးတွင်လည်း အိန္ဒိယ၏ဦးဆောင်မှုအခန်းကဏ္ဍကို အကူအညီပေးသွားရန်ရှိပြီး ယူကရိန်းအရေးသည် အိန္ဒိယ၏ G-20 အစည်းအဝေးအစီအစဉ်များ လမ်းကြောင်းသွေဖည်မှုမရှိအောင် ဆောင်ကြဉ်းသွားရန် တာဝန်ရှိသည်။

ထို့ပြင် မကြာသေးမီကပင်လျှင် ဩစတြေးလျနှင့်အိန္ဒိယဆက်ဆံရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများရှိခဲ့သည်။ ဘက်စုံစီးပွားရေး မိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း၊ လုပ်ငန်းအဖွဲ့ထူထောင်ခြင်းနှင့် ယခုနှစ်အတွင်း ဝန်ကြီးချုပ်အန်တိုနီအလယ်ဘန်နီး အပါအဝင် တာဝန်ရှိသူများ မကြာခဏ သွားရောက်လည်ပတ်ခြင်းတို့သည် အိန္ဒိယအနေဖြင့် ဩစတြေးလျနှင့်ဆက်ဆံရေး တိုးတက်ခိုင်မာအောင် လုပ်ဆောင်နေမှုကို ကီရှီဒါအား အသိပေးခဲ့သည်။ ထို့ကြောင့် ကီရှီဒါအနေဖြင့် အိန္ဒိယ၊ ဩစတြေးလျတို့နှင့် ဆက်ဆံရေးတိုးတက်ခိုင်မာအောင် ဖော်ဆောင်နိုင်ရေး နည်းလမ်းရှာဖွေသွားနိုင်မည်ဖြစ်သည်။ အဆိုပါသုံးနိုင်ငံသည် Quad အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် ဆက်ဆံရေးပိုမိုနက်ရှိုင်းလာစေကာ မဟာဗျူဟာမြောက်အစီအစဉ်များကို အဆင်ပြေချောမွေ့စေမည်ဖြစ်ပေသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါနယ်ပယ်နှစ်ခုသည် နှစ်နိုင်ငံနှင့် Quad အစီအစဉ်တွင်လည်း အရေးပါသောအစီအစဉ်အဖြစ် ပါဝင်လျက်ရှိသည်။ ဒစ်ဂျစ်တယ်စီးပွားရေးတွင် နှစ်နိုင်ငံအပြင် တတိယနိုင်ငံနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန်ဆွေးနွေးခဲ့သည်။ ထောက်ပံ့ရေးကွင်းဆက်တွင် အိန္ဒိယသည် China plus one အစီအစဉ်အရ ဂျပန်ကုမ္ပဏီများနှင့်ချိတ်ဆက်ကာ တိုးတက်မှုဖော်ဆောင်သွားရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် Quad အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဂျပန်နှင့်ဩစတြေးလျတို့သည် ကုန်သွယ်မှုအား လက်နက်ဖြင့်အစားထိုးနေမှုကို တုံ့ပြန်နိုင်ရေးအတွက် ကြံ့ကြံ့ခံနိုင်သော ထောက်ပံ့ရေးကွင်းဆက် ဖန်တီးသွားရန် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကီရှီဒါနှင့်မိုဒီတို့သည် ယခင်ပူးတွဲသဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတကာစင်မြင့်တွင် ရုရှားနှင့်တရုတ်တို့၏ ရပ်တည်မှုကြောင့် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ မြင့်တက်လာမှုနှင့်အတူ ကာကွယ်ရေးနှင့် ရထားလမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရေးအတွက်လည်း အာရုံစိုက်လာခဲ့သည်။ အိန္ဒိယ၏စီးပွားရေးတည်ငြိမ်မှုကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် နည်းပညာနယ်ပယ်တွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ရေးအတွက်လည်း ဆွေးနွေးသွားဖွယ်ရာရှိသည်။

ဂျပန်နိုင်ငံသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် စီမံကိန်းအောက်တွင် ကျန်အရှေ့တောင်အာရှနိုင်ငံများနှင့်အတူ အိန္ဒိယအနောက်မြောက်ပိုင်းဒေသနှင့်လည်း ပေါင်းစပ်ဆောင်ရွက်သွားရန် စီစဉ်ထားရှိသည်။ လက်ရှိအချိန်ထိ အခြေခံအဆောက်

> ❖ ကီရှီဒါနှင့်မိုဒီတို့သည် ယခင်ပူးတွဲသဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတကာစင်မြင့်တွင် ရုရှားနှင့်တရုတ်တို့၏ ရပ်တည်မှုကြောင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာမှုနှင့်အတူ ကာကွယ်ရေးနှင့် ရထားလမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရေးအတွက်လည်း အာရုံစိုက်လာခဲ့သည်။ အိန္ဒိယ၏စီးပွားရေးတည်ငြိမ်မှုကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် နည်းပညာနယ်ပယ်တွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ရေးအတွက်လည်း ဆွေးနွေးသွားဖွယ်ရာရှိသည်။ ❖

အအုံဖွံ့ဖြိုးတိုးတက်မှုတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ ပင်လယ်ရပ်ခြားဖွံ့ဖြိုးတိုးတက်မှုပံ့ပိုးရေးအစီအစဉ်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရထားလမ်းချိတ်ဆက်မှုသည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသမှတစ်ဆင့် ဘူတန်၊ နီပေါနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံထိ ရောက်ရှိမည်ဖြစ်သည်။ ဂျပန်ရင်းနှီးမြှုပ်နှံသူများသည် ဆောက်လုပ်ရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံသွားရန်ရှိသဖြင့် အဆိုပါနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်ရေး ပြန်လည်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ ပိုမိုနေရာယူတည်ရှိလာခြင်းကြောင့် ကီရှီဒါသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဆိုင်ရာ ဂျပန်နိုင်ငံ၏အစီအစဉ်သစ်ကို အလေးထားဆွေးနွေးခဲ့သည်။ အထူးသဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအပြင် အခြားသောနယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားရှိသည်။ ဝန်ကြီးချုပ်နှစ်ဦးသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ စွမ်းအင်ပြောင်းလဲအသုံးပြုမှုနှင့် ကျန်းမာရေးဆိုင်ရာများကိုလည်း ဆွေးနွေးခဲ့ပြီး အဆိုပါနယ်ပယ်များသည် အိန္ဒိယ၏ G-20 ခေါင်းဆောင်များ အစီအစဉ်တစ်စိတ်တစ်ဒေသဖြစ်လာမည်ဟုလည်း မျှော်မှန်းရပါသည်။

အိန္ဒိယနှင့် ဂျပန်တို့သည် ၂၀၂၂ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၇၀ ပြည့် အခမ်းအနားကျင်းပခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးမှ မဟာဗျူဟာမြောက်နှင့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးတက်လာခဲ့သည့်အတွက် စီးပွားရေးမိတ်ဖက်နှင့် ပြည်သူအချင်းချင်းလည်း ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်။ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးသည် နှစ်နိုင်ငံဆက်ဆံရေး၏ဒေါက်တိုင်ဖြစ်ပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပံ့ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံစလုံး၏ တိုက်ရိုက်မူဝါဒချမှတ်သူများဖြစ်ပြီး ဆက်ဆံရေးဒေါက်တိုင်များ မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကီရှီဒါနှင့်မိုဒီတို့သည် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်မှုနှင့်အတူ လူငယ်များ၊ လုပ်သားအင်အားစုများ၊ အနုပညာရှင်များ အပြန်အလှန်သွားရောက်ရေးအပါအဝင် အစီအစဉ်များစွာကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ကီရှီဒါ၏အိန္ဒိယခရီးစဉ်သည် သံခင်းတမန်ခင်းဆိုင်ရာ ဆက်ဆံရေးကို ပိုမိုအားကောင်းခိုင်မာလာစေခဲ့သည်။ အမှန်တော့ G-20 ဆွေးနွေးပွဲ၌ ပူးတွဲသဘောတူညီချက် မထုတ်ပြန်နိုင်ခြင်းအပေါ် မေးခွန်းများထွက်ပေါ်နေသည့်အချိန်တွင် အိန္ဒိယနှင့်ဂျပန်ခေါင်းဆောင်များကြား အသေးစိတ်ဆွေးနွေးပွဲများသည် G-20 နှင့် G-7 ဆွေးနွေးပွဲများအတွက် လမ်းခင်းပေးနိုင်ခဲ့သည်။ ထို့ပြင် ကီရှီဒါသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဆိုင်ရာ ဂျပန်နိုင်ငံ၏ အစီအစဉ်အသစ်ကို ထုတ်ဖော်သွားရန် ရည်ရွယ်ထားရှိသောကြောင့် အိန္ဒိယ၏ မဟာဗျူဟာမြောက် ပထဝီနိုင်ငံရေးဆိုင်ရာ အနေအထားကို ပိုမိုခိုင်မာအားကောင်းလာစေခဲ့သည်။ ထို့ကြောင့် ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံအစီအစဉ်သည် ဒေသတွင်း၌ သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများ ရရှိလာနိုင်ပေသည်။

**ကိုးကား**

- Why is Japan's Kishida Travelling to India by The Diplomat.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက Akash မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကန်ဒေါ်လာ တစ်ဘီလီယံဖြင့်ဝယ်ယူ



အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် Bharat Dynamics Limited ကုမ္ပဏီမှ ရူပီး ၈၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ တစ်ဘီလီယံ)တန် Akash မြေပြင်မှ ဝေဟင်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် ဝယ်ယူရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း www.thedefensepost.com တွင် ဧပြီ ၃ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ ပြည်တွင်း၌ထုတ်လုပ်ထားသည့် အဆိုပါ မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို အိန္ဒိယနိုင်ငံမြောက်ပိုင်း နယ်စပ်တစ်လျှောက်တွင် တပ်စွဲထားသော အိန္ဒိယကြည်းတပ် လေကြောင်းရန်ကာကွယ်ရေးလက်အောက်ရှိ တတိယနှင့်စတုတ္ထမြောက် တပ်ရင်းကြီးများတွင် ဖြန့်ကြက်အသုံးပြုရန် လျာထားမှာယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝယ်ယူရေးသဘောတူစာချုပ်ကို သုံးနှစ်အတွင်း အပြီးသတ်အကောင်အထည်ဖော်ရန် မျှော်မှန်းထားကြောင်း The Hindu သတင်းဌာနက အစီရင်ခံ ရေးသားထားသည်။

ယာဉ်တင်(မိုဘိုင်း)စနစ်တွင် ဒုံးကျည်များ၊ အဆင့်မြှင့်တင်ထားသော ဒုံးပစ်လောင်ချာယာဉ်များ၊ မြေပြင်အထောက်အကူ ပြုပစ္စည်းများ၊ ကျည်ထိုး၊ ကျည်သယ်ယာဉ်များနှင့် အခြေခံအဆောက်အအုံများ ပါဝင်မည်ဖြစ်သည်။

၎င်းတွင် အာရုံခံရှာဖွေထောက်လှမ်းရေးနည်းပညာ၊ တန်ပြန်ခြေရာခံရနိုင်မှု လျှော့ချထားခြင်း၊ ၃၆၀ ဒီဂရီပတ်လည်တိုက်ပွဲဝင်နိုင်စွမ်းနှင့် ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များအပေါ် ဖြန့်ကြက်လုပ်ဆောင်နိုင်စွမ်းအပါအဝင် ယခင်ဗားရှင်းများထက် အဆင့်မြှင့်တင်မှုများစွာပါရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ပြည်တွင်းစစ်ဘက်စက်မှုလုပ်ငန်းစုများမှ ရင်းနှီးမြှုပ်နှံမှု ၈၂ ရာခိုင်နှုန်းပါဝင်ပြီး ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၉၃ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုနိုင်မည်ဖြစ်သည်ဟု သိရသည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးမှ တီထွင်ထားသည့် အဆိုပါ Akash မြေပြင်မှဝေဟင်ပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်သည် လေယာဉ်၊ ခရုဇ်ဒုံးကျည်၊ ပဲ့ထိန်းဒုံးကျည်များနှင့် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များကဲ့သို့သော ဝေဟင်မှခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်ပြီး အကွာအဝေး ၃၀ ကီလိုမီတာ (၁၉ မိုင်)နှင့် အမြင့် ၁၈ ကီလိုမီတာ (၁၁ မိုင်)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Akash မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ခွဲတစ်ခွဲတွင် Rajendra 3D Passive Electronically Scanned Array ရေဒါနှင့် ဒုံးကျည်သုံးစင်းစီပါသည့် လောင်ချာ လေးလက် ပါရှိသည်။

လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အနေဖြင့် ပစ်မှတ် ၆၄ ခုထိ တစ်ပြိုင်နက် ခြေရာခံထောက်လှမ်းနိုင်ပြီး ပစ်မှတ် ၁၂ ခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် မြေပြန့်လွင်ပြင်များတွင် တပ်ဖြန့်အသုံးပြုနိုင်ရန် Swathi လက်နက်တည်နေရာချရေဒါကို ဝယ်ယူရန်အတွက်လည်း Bharat Dynamics Limited ကုမ္ပဏီကို ရူပီး ၉ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂၀ သန်း) စာချုပ်ပေးအပ်ခဲ့သေးသည်။

ပြည်တွင်းထုတ် ရေဒါစနစ်သည် အမြောက်၊ သေနတ်များ၊ မော်တာများနှင့် ဒုံးကျည်များကဲ့သို့သော လက်နက်များကို တပ်ဖြန့်နေရာချထားရာတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး လက်တုံ့ပြန်တိုက်ခိုက်မှုများအတွက် မိမိတို့၏ တိုက်ခိုက်ရေးစနစ်များသို့ ပစ်မှတ်အချက်အလက်များ ပေးပို့နိုင်မည်ဖြစ်သည်။

အိန္ဒိယကြည်းတပ်သည် ၂၀၂၂ ခုနှစ် ဇွန်လတွင် တောင်တန်း၊ ကုန်းပြင်မြင့်ဒေသများအတွက် Swathi Mark II ရေဒါ ခြောက်စင်းကို ဝယ်ယူခဲ့သည်။ Swathi ရေဒါအစင်း ၃၀ ထိ နယ်စပ်တစ်လျှောက် ဖြန့်ကြက်ချထားပြီးလည်းဖြစ်သည်။

**India Procures Upgraded Indigenous Air Defense System for $ 1 Billion ကို ဘာသာပြန်ဆိုထားပါသည်။**

## Raytheon ကုမ္ပဏီနှင့် အမေရိကန်ရေတပ်တို့ အမေရိကန်ဒေါ်လာ ၆၁၉ သန်းတန် SPY-6 ရေဒါ ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆို

အမေရိကန်နိုင်ငံ Raytheon Technologies ကုမ္ပဏီနှင့် အမေရိကန်ရေတပ်တို့ အမေရိကန်ဒေါ်လာ ၆၁၉ သန်းတန် SPY-6 လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးရေဒါများ၊ ကာကွယ်ရေးစနစ်များဝယ်ယူရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း မတ် ၃၁ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

Raytheon ကုမ္ပဏီထုတ် SPY-6 ရေဒါများကို အမေရိကန် ရေတပ်ရှိ စစ်သင်္ဘောသစ်များတွင် တပ်ဆင်ရန်အတွက် ယခင်နှစ်က ချုပ်ဆိုခဲ့သော ဒေါ်လာ ၆၅၁ သန်းတန် စာချုပ်၏ဦးစားပေးစာရင်းတွင် ပါဝင်ခဲ့သည်။

အမေရိကန် ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးတပ်ဖွဲ့များတွင် အဆိုပါ အဆင့်မြင့်နည်းပညာသုံး ရေဒါများ ပေါင်းစပ်၊ တပ်ဆင်အသုံးပြုမှု စတင်နေပြီဖြစ်ပြီး ရေတပ်၏ပထမဆုံး Flight III ဖျက်သင်္ဘောသည် ယခုအခါ အဆိုပါ ရေဒါစနစ်ကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း Raytheon ကုမ္ပဏီမှတာဝန်ရှိသူ Kim Ernzen ၏ အဆိုအရ သိရသည်။

အဆိုပါစာချုပ်အရ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် အပြီးသတ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Raytheon ကုမ္ပဏီ၏ SPY-6 ရေဒါအုပ်စု အမျိုးအစားသည် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ၊ လေယာဉ်များနှင့် စစ်သင်္ဘောများကို တစ်ပြိုင်နက်တည်း အကာအကွယ်ပေးနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည်။

၎င်းတွင် သိသိသာသာ ထောက်လှမ်းနိုင်သော အကွာအဝေး၊ အာရုံခံနိုင်စွမ်းတိုးမြှင့်လာပြီး စစ်ဘက်တွင်တပ်ဖြန့်အသုံးပြုနေသည့် အခြားသောရေဒါများထက် ပစ်မှတ်များကို ပိုမိုတိကျစွာစိစစ်ခွဲခြားနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ရေဒါစနစ်၏ ကျစ်လျစ်သိပ်သည်းသော ဖွဲ့စည်းတည်ဆောက်ပုံနှင့်စနစ်ပိုင်းဆိုင်ရာ ပေါ့ပါးလွယ်ကူစွာ လုပ်ဆောင်နိုင်မှုများသည် လည်ပတ်မှုကုန်ကျစရိတ်နှင့် ရေရှည်တည်တံ့မှုလိုအပ်ချက်များကို လျှော့ချပေးနိုင်လိမ့်မည်ဖြစ်သည်။



Raytheon ကုမ္ပဏီ၏ အဆိုအရ SPY-6 ရေဒါစနစ်သည် တိကျသော ပစ်မှတ်အချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် ကြားဖြတ်တိုက်ခိုက်ရေး SM-6 ဒုံးကျည်များအပါအဝင် အမေရိကန်ရေတပ်၏အဆင့်မြင့်ဆုံး လက်နက်စနစ်များ၏ ထိရောက်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

Raytheon ကုမ္ပဏီထုတ် SPY-6 ရေဒါစနစ်သည် ကမ္ဘာပေါ်တွင် မကြုံစဖူးသော ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားနိုင်သော ကမ္ဘာ့အဆင့်မြင့်ဆုံး ရေတပ်သုံး ရေဒါဖြစ်သည်ဟု Raytheon ကုမ္ပဏီမှ တာဝန်ရှိသူ Kim Ernzen က ပြောကြားခဲ့သည်။

**Raytheon Clinches $619M US Navy SPY-6 Radar Contract ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Chairman Defence Services Commander-in-Chief Senior General Min Aung Hlaing attends ceremony to mark 28th Anniversary of Myawady TV under Directorate of Public Relations and Psychological Warfare of the Office of Commander-in-Chief (Army)



Senior General Min Aung Hlaing addresses ceremony to mark the 28th Anniversary of Myawady TV.






Senior General Min Aung Hlaing hears report on facts about Myawady TV.

**Nay Pyi Taw April 5**

A ceremony to mark the 28th Anniversary of Myawady TV under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army), commissioned into service on the Golden Jubilee (50th Anniversary) of Armed Forces Day on 27 March 1995, taking place at No 2 Tatmadaw TV Broadcasting Unit in Taungnyo of Ottarathiri Township in Nay Pyi Taw Council Area this afternoon, with an address by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

**Warmly welcome**

On arrival at No 2 Tatmadaw TV Broadcasting Unit, the Senior General and party were welcomed by Director of Public Relations and Psychological Warfare Maj-Gen Zaw Min Tun and party, staff of Myawady TV and officials.

The ceremony kicked off with the song "Myawady for All" with the dances by staff of Myawady TV. A documentary video clip was presented on background history of emerging the units and depots under the directorate, accomplishment of missions and visions, and dutiful process.

The ceremony was also attended by SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, the SAC Joint Secretary and council members, Union level officials, senior military officers from the Office of the Commander-in-Chief, deputy ministers, retired senior military officers who served at the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army), officials from the Ministry of Information, officials from the Myanmar Press Council, Myanmar Music Association, Myanmar Motion Picture Organization and Myanmar Comedians' Association, prize winning officers, other ranks and

*See Page 13*



Senior General Min Aung Hlaing signs the visitors' book.


Senior General Min Aung Hlaing views broadcasting process.

*From Page 12*

substitute-appointed staff from units and depots under the directorate in the national level internal and external contests, and guests.

**Making an honorary speech**

Speaking on the occasion, the Senior General said that the society is in progress on a daily basis. Sharing information with each other in the society is a part of the public relations measures. Public relations measures comprise various kinds of relations such as mass communications and environmental relations. In so doing, international community applies the media relations among other public relations on a wider scale. It is important that executive, judicial, legislative and media estates must be in harmony in the nation-building endeavours. Media is an estate to adjust three estates to be righteous.

Currently, media can bring the people's voice in a clear manner. Moreover, media plays a key role in releasing undertakings of all government organizations to the people. In order to be oneness of the Tatmadaw with the people and to improve military-civilian relations, the Directorate of Public Relations and Psychological Warfare was initially set up as the education section in 1947. The section was named severally, and it was renamed as the Directorate of Public Relations and Psychological Warfare. Myawady TV was launched as a Tatmadaw media on the Golden Jubilee (50th Anniversary) Armed Forces Day with the aim of implementing the plans to inform, educate, entertain and organize to be oneness of the Tatmadaw with the people. Currently, it reached 28th anniversary beyond the silver jubilee.

The MWD TV always exerts efforts to broadcast programs from the national perspective to instill true information and ideologies and to revitalize the union spirit in the people and has become a major and active media of the Tatmadaw. In performing duties to inform, the MWD TV broadcasts policies and information that should be made known not only to the families of the Tatmadaw but also to the public in real time. As duties to educate require direct engagement with the people, the MWD TV successfully performs duties to educate and to instill knowledge. As for duties to entertain, the MWD TV presents various forms of performing arts, music, dances to entertain the public.


Senior General Min Aung Hlaing views demonstration of TV recording.

As for organizing duties, it is necessary to take measures to consolidate the unity of the people with firm belief and conviction in the national interests of the country. The nature of mobilization implies persuading other people to do what one says out of their own volition. Measures are being taken to encourage the people to unitedly implement the national interests of the country or "Our three main national causes."

To broadcast programs to the entire country, No 2 Tatmadaw TV Broadcasting Unit (Nay Pyi Taw) was established and inaugurated by myself on 26 March 2012. Since its establishment, the MWD TV has been able to serve at its best as a bridge between the Tatmadaw and the people.

When the MWD TV first broadcast its programs, it used the analog system and upgrading tasks were carried out to be abreast of the times to replace the analog system with the digital system, which was again replaced with the standard definition (SD) system. Since the 75th Anniversary Diamond Jubilee Armed Forces Day, the MWD TV has been broadcasting programs through the high definition (HD) system. Broadcasting television programs calls for more thorough preparations than other forms of the media. No one cannot produce a program by oneself and as it is necessary to combine capabilities of human resources, arts and technologies perfectly, a good program that will be enjoyed by the people can be produced with concerted efforts of all.

It is the concerted efforts of all staff and officers that have elevated the MWD TV into a more capable media giant phase by phase in successive eras. Television broadcasting is a media platform that can attract the mind of the people by airing knowledgeable and artistic information by using images and sounds. Airing radio programs places emphasis on sounds and broadcasting television needs to rely both on images and sounds. Therefore, it is necessary to be more cautious about details like tones of voices, gestures, appropriate dresses and personality. Its ability to attract the mind of the people and to instill motivation into them is higher.

Instilling knowledge into the people and preventing youths who will perform duties for the country and shape the country in the future by take wrong path and nurturing them to become educated citizens of the country depend not only on parents and teachers but also on broadcasting programs that instill knowledge and wisdom in them constantly. While it is necessary to broadcast programs that keep abreast of the times, they are also required to be in accord with one of the four social objectives - To respect and promote the customs and traditions of all national peoples and preserve and safeguard their faiths, culture and national characteristics based on national spirit.

*See Page 14*


Senior General Min Aung Hlaing views documentary photos.

*From Page 13*

It is a historic feat of Myawady TV to have broadcast the 27th SEA GAMES hosted in Myanmar in 2013, the 23rd ASEAN Army Rifle Meet and the ceremony to build and keep the Maravijaya Buddha Image. The Covid-19 pandemic could have been overcome thanks to the dos and don't s aired by Myawady TV. Digital TV retransmission stations were built in 35 cities and big towns covering 145 townships for public view.

During the time when the SAC is assuming State duties in line with the 2008 constitution, unethical media outlets at home and abroad are resorting to various attacks. Since taking office, daily newspapers, Myawady TV and state-owned news agencies have been publishing and broadcasting in the national interests. Nation building, national and religious welfare tasks and offering of peace talks are being published and broadcast in the newspaper, TV and Radio station under the Myawady Media Group. And every readers and viewers know that.

Information flow in the 21st century is fast and changing. So it is necessary to catch up with them to become a strong media. Some media outlets are unethically reporting with bias and inequality. They are attempting to harm the Tatmadaw's image and public relations. The State-run and Tatmadaw-owned media must respond to such false accusations. It is also necessary to take the strength of scrupulous media outlets at home and abroad.

The Tatmadaw itself has been working on State building tasks in the national and public interests in successive eras without urging or persuasion from others. Representing the Tatmadaw, Myawady TV, as the fourth estate, has been shouldering its duties dutifully in successive eras. I fully believe that it will continue to maintain such fine history and traditions.

Myawady TV, Myawady Publishing House, Myawady newspaper, Yadanabon newspaper and Thazin broadcasting station that are carrying out media tasks representing the Tatmadaw need to publish and broadcast news quickly and correctly and try to become the media with focus on journalistic ethics. They also need to make creations and innovations in line with the modern age. In accord with the objectives: to inform, educate, entertain and organize, they must try to become the media on which the State and the people can rely in the tasks of nation building by bridging the Tatmadaw and the people. Myawady TV needs to try to serve more dutifully for many years to come in the interests of the State, the people and the Tatmadaw.

**Outstanding personnel presented honorary awards**

Then, the Senior General presented honorary awards to officers, other ranks and personnel (substitute) who won prizes in domestic competitions at the State-level and overseas competitions. Capt. Soe Moe Kyaw who won the first prize in 2021 Sarpay Beikman manuscript on youth literature, Capt. Thet Naung who won the first prize in 2021 Sarpay Beikman manuscript on children's literature, Corporal Aung Aung Htet and Warrant Officer-II (Substitute) Daw Thandar Lin, on behalf of Myawady Music Band and Troupe who won the prize in the traditional fine arts competition of the International Army Games in Russia, received the awards.

Afterwards, the Director of Directorate of Public Relations and Psychological Warfare presented the gift in commemoration of the Myawady TV's 28th anniversary to the Senior General.

**Cash bonuses presented**

Then, the Senior General presented cash bonuses for officers, other ranks and their families through the Director of Directorate of Public Relations and Psychological Warfare and officials.

Next, the Senior General and party enjoyed the performance of personnel of Myawady TV in honour of the anniversary.

After the ceremony, the Senior General and party took a tour of No.2 Tatmadaw TV Broadcasting Unit and inspected the demonstration of TV recording, production studio, news studio and presenting room. The Senior General gave instructions on making efforts for modernized presentation with technology and ensuring systematic production for accurate editing and broadcasting.

Then, the Senior General and party viewed exhibits on progress and function of units under the command of Directorate of Public Relations and Psychological Warfare, equipment used in the previous eras and films in the past and gave instructions.

Afterwards, the Senior General signed in the visitors' record book of No.2 Tatmadaw TV Broadcasting Unit.

Myawady TV of Directorate of Public Relations and Psychological Warfare, Office of the Commander-in-Chief (Army), was founded on Golden Jubilee Armed Forces Day which fell on March 27, 1995. To be able to broadcast nation-wide, No.2 Tatmadaw TV Broadcasting Unit was established on June 19, 2009 and successfully opened by the Chairman of State Administration Council Commander-in-Chief of Defence Services himself on March 26, 2012. With the aim to inform, educate, entertain and organize, Myawady TV keeps making efforts to stand as a media dutiful for the State, the people and the Tatmadaw. 100

# Train schedules to be changed for 61-up and 62-down trains



A highway train.

**Yangon April 5**

Schedules will be changed for 61-up and 62-down express trains running along Yangon-Bagan railroad to be run on Tuesday and Friday on a weekly basis, said assistant manager U Kyaw Myo Lwin of Division-7 of Myanma Railways.

These trains were operated on Friday and Sunday every week in the past. 61-up train left Yangon at 4.15 pm and arrived at Bagan railway station at 12 noon the next day. 62-down train left Bagan at 4.15 pm and arrived in Yangon at 12 noon.

"Yangon-Bagan direct express trains have been running on Fridays and Sundays as from 23 January. As of coming April, they will be operated on Tuesday and Friday. It will stop over at 23 railway stations. Each train will comprise five ordinary class coaches and one upper class coach, one sleeper class coach and one break coach. Ticket is set at K7,200 per ordinary seat, K14,400 per upper seat and K14,800 per sleeper, and these tickets are sold one day ahead of the schedules," said the assistant manager.

These trains stop over Thayawady, Letpadan, Minhla, Okpo, Gyobingauk, Zigon, Nattalin, Paungde, Padegon, Thegon, Hsinmeeswe, Pyay (Shwedaga), Aunglan, Satthwa, Taungdwingyi, Myothit, Natmauk, Layein, Thamya, Pinchaung, Kyaukpadaung, Ngaminmay and Suti railway stations.

Myanma Railways plans to expand more trains for rail transportation depending on number of passengers and commodities. ASH

# Soft crabs marketable in Labutta Township

**Labutta April 5**

Demand from customers in Yangon is high for purchasing soft crabs being bred in Labutta Township of Ayeyawady Region in March, said Daw San San Swe, marine product trader in Labutta Township.

Soft crabs from Labutta Township are exported to Thailand, China, Singapore and European countries via Yangon.

Due to high demand, local crab farmers can earn increased incomes in operating soft crabs.

"We send soft crabs to Yangon as main customer. This year, export demand of soft crabs is high. So, market demand in Yangon is also high. Larger volume of soft crabs helps solve the problems of relevant farmers and exporters also earn incomes as well. Exporters from Yangon send soft crabs to the foreign markets," said Daw San San Swe.

Local businesspersons and farmers send 70,000 viss of cleaned soft crabs once every five days to Yangon. Each soft crab farm needs some 20 farmers for daily operations.

Hence, each farmer can earn K130,000 to K200,000 per month. Labutta Township operates soft crab farming in summer, according to the local crab farmers.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ငပလီကမ်းခြေသို့ သင်္ကြန်အကြိုကာလ တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက်လည်ပတ်နေ



**သံတွဲ ဧပြီ ၅**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ အပန်းဖြေ ကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေသို့ အတာသင်္ကြန်အကြိုကာလတစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက်လည်ပတ်နေကြောင်း ငပလီကမ်းခြေခရီးသွားလုပ်ငန်းအသင်းမှ ညွှန်ကြားရေးမှူးလမ်းညွှန်တာဝန်ခံ ဒေါ်သီတာမိုးက ပြောပြ၍ သိရသည်။

ငပလီကမ်းခြေကို ယခုနှစ် မတ်လ တတိယပတ်မှ ဧပြီလ ပထမပတ်ထိ တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော် လာရောက်လည်ပတ်နေပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀ ထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"မတ်လ တတိယပတ်လောက်ကနေ ခရီးသွားတွေများလာတာ သိသာလာပါတယ်။ အခု ဧပြီ ၁ ရက်ကဆို တစ်ရက်တည်းအယောက် ၄၀၀ ကျော်ထိရှိခဲ့တယ်။ ငပလီကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ပြည်တွင်းက လာရောက်လည်ပတ်တဲ့ ခရီးသွားတွေများပြားပါတယ်။ ပုံမှန်လတွေနဲ့ယှဉ်ရင် သင်္ကြန်အကြိုကာလတွေက ခရီးသွားဝင်ရောက်မှု များနေပါတယ်။ အခုဧပြီလဆန်းမှာ ငပလီကမ်းခြေကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေအများစုက ပြည်တွင်းက မိသားစုတွေနဲ့ ခရီးသွားအဖွဲ့တွေများနေပါတယ်။ သင်္ကြန်လေးရက်အတွက် အခန်းတွေပြည့်နေပြီ။ သင်္ကြန်ဆိုရင် လာရောက်လည်ပတ်သူ အခုထက်ပိုများမှာပါ"ဟု ငပလီကမ်းခြေခရီးသွားလုပ်ငန်းအသင်းမှ ညွှန်ကြားရေးမှူးလမ်းညွှန်တာဝန်ခံ ဒေါ်သီတာမိုးက ပြောပြသည်။

အဆိုပါ ငပလီကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် သင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ ရက်မှ ၁၇ ရက်အတွက် ခရီးသည်များကြိုတင်မှာယူထားမှု များပြားပြီး ဟိုတယ်အခန်းများပြည့်နေကြောင်း သိရသည်။

"အခု ကျွန်မတို့ငပလီကမ်းခြေကဟိုတယ်တွေမှာ သင်္ကြန်ကာလအတွက် အခန်းကြိုတင်မှာထားတာတွေပြည့်နေပါပြီ။ အခန်းမှာသူတွေက နိုင်ငံခြားသားတွေမဟုတ်ဘဲ ပြည်တွင်းခရီးသွားတွေများပါတယ်။ ရန်ကုန်နဲ့ ရှမ်းပြည်နယ်ဘက်က များပါတယ်။ ငပလီကမ်းခြေက မြန်မာနိုင်ငံရဲ့ အလှပဆုံးကမ်းခြေတွေထဲက တစ်ခုအပါအဝင်ပါ။ ဒါ့ပြင် ပြည်ပကပါ စိတ်ဝင်တစားလေ့လာလည်ပတ်တဲ့ကမ်းခြေတစ်ခုပါ"ဟု ငပလီကမ်းခြေမှ ဟိုတယ်လုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဧပြီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ရန်ကင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရန်ကင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကြံခင်းမြို့နယ် ကညင်ချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြံခင်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အုတ်တွင်းကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကညင်ချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကညင်ချောင်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ တွင်းနက် တူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၇၈ သန်းဖြင့် ဘုရားမင်းရာဇာကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၈၆၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း လှည့်လည်၍ သရုပ်ပြသရိုက်ကူးမှုများ၊ Production Studio၊ News Studio၊ Presentation Room တို့အတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

လိုက်ပါလုပ်ဆောင်နိုင်အောင် ပြောဆိုခြင်းပင်ဖြစ်ကြောင်း၊မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒီတာဝန်အရေးသုံးပါးအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက်အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (နေပြည်တော်)ကို ၂၀၀၉ ခုနှစ် ဇွန် ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် မိမိကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တပ်မတော်နှင့်ပြည်သူကို အကောင်းဆုံးပေါင်းကူးပေးနိုင်ခဲ့ကြောင်း။

မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်ချိန်တွင် Analog စနစ်နှင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီးAnalog စနစ်မှသည် Digital စနစ်၊ Standard Definition(SD)စနစ်ကူးပြောင်းခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့မှစတင်က High Definition (HD)စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းတိုင်းတွင် အခြားသောမီဒီယာလုပ်ငန်းများထက် ပိုပြီးအသေးစိတ် ဆောင်ရွက်ရသည်များရှိပါကြောင်း၊ **အစီအစဉ်တစ်ခုဖြစ်လာရေး တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်၍ မရဘဲ လူသားအရင်းအမြစ် စွမ်းအား၊ အနုပညာနှင့် အတတ်ပညာကို အံဝင်ခွင်ကျပေါင်းစပ်လုပ်ကိုင်ရသည့် သဘောရှိသောကြောင့် ဟန်ချက်ညီစွာဆောင်ရွက်နိုင်ကြမှသာ ပြည်သူလူထု နှစ်သက်သဘောကျသည့် ရုပ်မြင်သံကြားအစီအစဉ်ကောင်းတစ်ခု ဖြစ်လာမှာပင်ဖြစ်**ပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် တစ်ခေတ်ပြီးတစ်ခေတ် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုစွမ်းရည်ပြည့်ဝသည့် မီဒီယာကြီးတစ်ခုဖြစ်လာခဲ့ခြင်းသည် ဝန်ထမ်းအားလုံးနှင့် တာဝန်ရှိသူအဆင့်ဆင့်၏ စုပေါင်းကြိုးစားမှုများကြောင့်သာဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ်သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကိုအဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပိုမို၍ဂရုစိုက်ကြရန်လိုပါကြောင်း၊ အသံအနေအထား၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ရုပ်သွင်ပြင်လက္ခဏာကအစ အသေးစိတ်ဂရုပြု၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူများ၏စိတ်ကိုဆွဲဆောင်နိုင်စွမ်း၊ တက်ကြွလာအောင် Motivation လုပ်နိုင်စွမ်းသည်လည်းမြင့်မားကြောင်း၊ **ပြည်သူအပေါ် အသိပညာဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကိုထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ဆက်ဆံရေးတပ်များ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ခင်းကျင်းပြသထားသည့်ပြကွက်များအား လှည့်လည်ကြည့်ရှုစဉ်။

**လူရွယ်များ လမ်းမှားမရောက်စေရေး၊ ပညာတတ်သားကောင်းရတနာများ ဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှစဉ်ဆက်မပြတ် အသိပညာ၊ ဗဟုသုတများဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေ**ပါကြောင်း၊ **ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများနှင့် ထုတ်လွှင့်ရမည်ဖြစ်သကဲ့သို့ လူမှုရေးဦးတည်ချက် (၄)ရပ်ထဲတွင်ပါသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကိုလေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့်အချက်နှင့်အညီ ထုတ်လွှင့်ပြသကြရန်လည်း တိုက်တွန်းမှာကြားလို**ပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်က မိမိတို့နိုင်ငံ၌ အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲများအပြင် ယနေ့အချိန်၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းဆိုင်ရာ အခမ်းအနားကျင်းပပုံများကိုပါ နိုက်ကူးထုတ်လွှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းဝင် ဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားမှ ပြည်သူလူထုအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာဖွယ်ရာများကို တင်ဆက်ပေးနိုင်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် ယနေ့ဆိုပါက နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၇၅ မြို့၌ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ပေါင်း ၁၄၅ မြို့၌ မြဝတီရုပ်မြင်သံကြားဒစ်ဂျစ်တယ်လိုင်းများကို ကောင်းမွန်စွာကြည့်ရှုနိုင်စေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို

**စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း လှည့်လည်၍ သရုပ်ပြသရိုက်ကူးမှုများ၊Production Studio၊ News Studio၊ Presentation Room တို့အတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးယခင်ခေတ်များကအသုံးပြုခဲ့သည့် စက်ပစ္စည်းများဖြင့် ရှေးယခင်ရုပ်ရှင်ဓာတ်ကားပြသမှုများကို လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ယူထားရသည့်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ကျင့်ဝတ်မဲ့မီဒီယာမျိုးစုံက နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေသည်ကို အားလုံးတွေ့ရှိကြရမည်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ချိန်မှ ယနေ့ထိတိုင် အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့် ဆောင်ရွက်ချက်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် မြဝတီရုပ်မြင်သံကြားအပြင် နိုင်ငံတော်ပိုင်သတင်းဌာနကြီးများကပါ ဖော်ပြပေးလျက်ရှိ**ကြောင်း၊ **မိမိတို့အစိုးရ၏ စစ်မှန်သည့် အမျိုးသားရေးစိတ်ဓာတ်အပြည့်နှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးဘာသာသာသနာအကျိုးသယ်ပိုးမှုများ၊ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်များကို မြဝတီ Media Group ဖြစ်သည့် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို အသံလွှင့်ဌာနအသီးသီးကို ကြည့်ရှုသူတိုင်း တွေ့မြင်ကြားသိကြမည်ဖြစ်**ကြောင်း။

ယနေ့ ၂၁ ရာစုတွင် သတင်းစီးဆင်းမှုနှုန်းသည် မြန်ဆန်သောကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုနောက်ကို မီဒီယာအားကောင်းကောင်းနှင့် လိုက်ပါနိုင်စွမ်းရှိရန်လိုအပ်ကြောင်း၊ အချို့သတင်းမီဒီယာများသည် တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှု စသည့်မီဒီယာကျင့်ဝတ်များကို လိုက်နာမှုမရှိ၊ ကျင့်ဝတ်နှင့်မညီညွတ်စွာ သတင်းများဖော်ပြနေသည်ကို တွေ့ရပါကြောင်း၊ တပ်မတော်၏ပုံရိပ်နှင့် ပြည်သူဆက်ဆံရေးကို ထိခိုက်ကျဆင်းအောင်ပုံဖော် ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများအပေါ် နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်မီဒီယာများက သတင်းမှန်များနှင့် တုံ့ပြန်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သမာသမတ်ကျသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ **“အား”** ကိုလည်း ရယူနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်မပါရှိဘဲ သမိုင်းစဉ်ဆက်နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုသာမျှော်ရည်မှန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြဝတီရုပ်မြင်သံကြားသည်လည်း ပေးအပ်လာသည့် လုပ်ငန်းတာဝန်ဝတ္တရားတို့အပေါ် ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ကောင်းမွန်သည့်အစဉ်အလာနှင့် သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

**မိမိတို့တပ်မတော်၏ မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သစင်အသံလွှင့်ဌာနတို့သည် တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန်လိုသကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများဖြစ်စေရေး ဆောင်ရွက်သွားကြရမည်၊ ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆဖန်တီးနိုင်သူများဖြစ်စေရေးအတွက်လည်း ကြိုးစားသွားကြရမည်၊ မြဝတီရုပ်မြင်သံကြား၏ “ဖြန့်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်” ဟူသည့် ရည်မှန်းချက်များနှင့်အညီ တပ်မတော်နှင့်ပြည်သူကို ဆက်လက်ပေါင်းကူးပေးပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်က အားထားရပြီး ပြည်သူက အားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရမည်၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နောင်နှစ်ကာလပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကို ယခုထက်တာဝန်ကျေပွန်စွာ သယ်ပိုးဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

## ထူးချွန်ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ရာတွင် ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်



နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီ
ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်
မြဝတီရုပ်မြင်သံကြား
နှစ်ပတ်လည်
အခမ်းအနား
Signing Booth တွင်
အမှတ်တရ
လက်မှတ်ရေးထိုးစဉ်။

စာပေ ပထမဆုရရှိသည့် ဗိုလ်ကြီးစိုးမိုးကျော်၊ ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေပထမဆုရရှိသည့် ဗိုလ်ကြီးသက်နောင်၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် အဆို၊ အက၊ အတီးပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့ကိုယ်စား တပ်ကြပ်အောင်အောင်ထက်နှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်းတို့က ဆုများအသီးသီးလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

## ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြဝတီရုပ်မြင်သံကြားမှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်း မိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ နှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်းလှည့်လည်၍ သရုပ်ပြသရိုက်ကူးမှုများ၊ Production Studio၊ News Studio၊ Presentation Room တို့အတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် မီဒီယာအခန်းကဏ္ဍသည် စဉ်ဆက်မပြတ်တိုးတက်နေသဖြင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် တင်ဆက်မှုများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ သတင်းများထုတ်လွှင့်ရာတွင် တည်းဖြတ်မှုများနှင့် ထုတ်လွှင့်မှုများမှန်ကန်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆက်ဆံရေးတပ်များ၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ခင်းကျင်းပြသထားသည့်ပြကွက်များနှင့် ရှေးယခင်ခေတ်များက အသုံးပြုခဲ့သည့် စက်ပစ္စည်းများဖြင့် ရှေးယခင်ရုပ်ရှင်ဓာတ်ကားပြသမှုများကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြဝတီရုပ်မြင်သံကြားနှစ်ပတ်လည်အခမ်းအနား Signing Booth တွင် အမှတ်တရလက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ် မတ် ၂၇ ရက်နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (နေပြည်တော်) ကို ၂၀၀၉ ခုနှစ် ဇွန် ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် ပြည်သူနှင့်တပ်မတော် တစ်သားတည်း ဖြစ်စေရေးအတွက် “ဖြန့်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်” ဟူသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အတွက် တာဝန်ကျေပွန်သော မီဒီယာတစ်ခုအဖြစ် ဆက်လက်ကြိုးပမ်းရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

# (၂၈)နှစ်မြောက် မြဝတီရုပ်မြင်သံကြားသို့ ဂုဏ်ပြုစာပန်းချီ

နွေကုံကော်(မြို့လှ)

၅-၄-၂၀၂၄ ရက် မွန်းလွဲပိုင်းက မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကြီးကို နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တွင် ကျင်းပခဲ့သည်။ တစ်ဆက်တည်း မြဝတီစာပေတိုက် နှစ်ပတ်လည်စာမူဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကိုပါ ကျင်းပခဲ့သည်။ ငွေတာရီမဂ္ဂဇင်း၏ နှစ်ပတ်လည်စာမူဆုရရှိသည့်အတွက် ကျွန်တော်လည်း ထိုအခမ်းအနားသို့တက်ရောက်ခွင့်ရရှိခဲ့သည်။ တကယ်တော့ မြဝတီရုပ်မြင်သံကြား၏သက်တမ်းသည် ကျွန်တော်နှင့် ရှစ်နှစ်သာခြား၏။ ကျွန်တော် ဒုတိယတန်းကျောင်းသားအရွယ်တွင် မြဝတီရုပ်မြင်သံကြားကို စတင်ကြည့်ရှုခွင့်ရရှိခဲ့သည်။ ပျဉ်းမနားမြို့မြောက်ဘက်ရှိ တပ်ရင်းတစ်ရင်းတွင် မြဝတီရုပ်မြင်သံကြားနှင့် စတင်ရင်းနှီးခဲ့ရခြင်းဖြစ်သည်။ ရွာမှာ အဖြူအမည်းတီဗွီသာကြည့်ခဲ့ရသော ကျွန်တော့်အတွက် မြဝတီရုပ်မြင်သံကြားအစီအစဉ်များက အလွန်စိတ်ဝင်စားစရာကောင်းခဲ့သည်။ ကျွန်တော် တစ်ယောက်တည်းအတွက်သာလျှင်မဟုတ်ပါပေ။ တပ်ထဲက စစ်သည်ရဲမေ၊ မိသားစု သားသမီးများအားလုံးအတွက် မြဝတီရုပ်မြင်သံကြားသည် အပန်းဖြေရိပ်သာတစ်ခုသဖွယ် ခံစားမှုရသကိုပေးစွမ်းခဲ့သည်။

အိမ်တိုင်းတီဗွီမရှိကြသဖြင့် ည ၇ နာရီ ဇာတ်လမ်းတွဲလာတော့မည်ဆိုပါက တီဗွီရှိရာ အိမ်အသီးသီးဆီ အားလုံးရောက်လေ့ရှိကြသည်။ ၇ နာရီမှ ၈ နာရီအတွင်း ထိုစဉ်က ထုတ်လွှင့်ခဲ့သည့် ကျောက်စိမ်းလက်ကောက် ဇာတ်လမ်းတွဲသည် ယနေ့တိုင်အမှတ်ရနေဆဲ ဇာတ်ကားဖြစ်ခဲ့သည်။ ဝူခုန်းဇာတ်လမ်းတွဲအပါအဝင် ကျန်ကျောင်းပေါင်ချိန်၊ တရုတ်သိုင်းကားများသည် ကလေးများကိုသာမက လူကြီးများအထိ ရင်တမမစောင့်မျှော်ရသော ဇာတ်ကားများဖြစ်ခဲ့သည်။ လျှပ်တစ်ပြက်ရိုက်ချက်အစီအစဉ်များကလည်း ဗဟုသုတအသစ်များနှင့်အတူ မတူကွဲပြားသည့် ခံစားမှုများကို ရရှိစေခဲ့သည်။ မြဝတီရုပ်မြင်သံကြား၏ သတင်းကြေညာသူများ၊ လျှပ်တစ်ပြက်ရိုက်ချက် ရိုက်ကူးသူများကို မကြာခဏကြည့်ရပါများသောကြောင့် ယနေ့အချိန်ထိ မိမိနှုတ်ဖျားတွင်သာမက ထိုခေတ်အခါက ဆယ်ကျော်သက်များ၊ လူကြီးများအထိပါ အဆိုပါ တင်ဆက်သူအမျိုးသမီးငယ်များ၏ နာမည်ကို အလွတ်ရနေခဲ့ကြသည်။ ယနေ့မှာတော့ ထိုစဉ်က အမျိုးသမီးငယ်တို့သည် အမျိုးသမီးကြီးများဖြစ်နေကြပါပြီ။ သူတို့နေရာတွေမှာတော့ မျိုးဆက်သစ်တင်ဆက်သူတွေ၊ ထုတ်လုပ်ရေးမှူးတွေက မြဝတီရုပ်မြင်သံကြားရဲ့ပခုံးပြောင်းတာဝန်တွေကို ထမ်းဆောင်နေကြပြီဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားနှင့်အတူ နားသောတဆင်ခဲ့ရသော တိုင်းကျိုးပြည်ပြုသီချင်းများစွာအနက် **"အခိုင်မာဆုံးသော ပြည်ထောင်စုတွေ ကမ္ဘာအရပ်ရပ်မှာ ပြိုကွဲလျက်ရှိကြသည်၊ အယူအဆအမျိုးမျိုး လိုရာဆွဲကာ စစ်ခင်းလျက်ရှိကြသည်"** ဟူသည့် သီချင်း၊ **"မြိမ်းချမ်းရေး ပန်းခင်းထဲမှာပျော်မွေ့မယ်၊ အလင်းစကား အထင်းသားသိမြင် တူယှဉ်လက်တွဲမယ်၊ မောင်နှမသားအမိအမိပွာယ် သွေးစည်းတဲ့အခါ သိလိမ့်မယ်"**နှင့် **"သူမပါရင်လေ ဘာတွေများရှေ့ဆက်ဖြစ်ကြမယ် သူလေမပါချင်ဘူး ဒါပေမဲ့ သားဆိုးများကြောင့်"** စသည့် တေးသီချင်းများအပြင် အခြားသော တေးသံရှင်များစွာ၏ တေးသီချင်းများမှာ ယနေ့ထိတိုင် အသက်ဝင်နေဆဲဖြစ်သည်ကို တွေ့ရှိရ၏။ ထို့ပြင် ကြည့်ရှုခဲ့ရသည့် **"ဝေလည်းမွှေး ကြွေလည်းမွှေး"**ဇာတ်ကားသည်လည်း ကျွန်တော်တို့လို မျိုးဆက်သစ်တွေကို တပ်မတော်ထဲဝင်ရောက်စေဖို့ ခွန်အားတွေပေးခဲ့သည်ဟု ဆိုရပါမည်။ စနေ၊ တနင်္ဂနွေနေ့လယ်ပိုင်းသတင်းအပြီး တစ်ပတ်တာအတွင်း အားကစားအစီအစဉ်မှ ဘောလုံးပွဲဟိုက်လိုက်များကိုလည်း မှတ်မိနေပါသေးသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများက ကျွန်တော်တို့လိုဘောလုံးပွဲဝါသနာပါသော မိုးခိုကလေးတွေအကြိုက်ပင်ဖြစ်၏။ တစ်ချိန်က ကျင်းပခဲ့သည့် မြဝတီအငြိမ့်ပြိုင်ပွဲကြီးမှာ ယနေ့ထိတိုင် ကြည့်တိုင်း ပြုံးရယ်နေရဆဲဖြစ်သလို ထိုခေတ်အခါက ပြောင်မြောက်သော လူရွှင်တော်များ၏အနုပညာ အရည်အသွေးကိုလည်း သတိရမိသည်။ ထိုမြဝတီအငြိမ့်ပြိုင်ပွဲကြီးကမှတစ်ဆင့် နိုင်ငံကျော် ဟာသသရုပ်ဆောင်များလည်း ပေါ်ထွက်ခဲ့ကြသည်ကို သတိပြုမိခဲ့သည်။

တပ်မတော်သားများနှင့် တိုင်းရင်းသားပြည်သူများအား **"ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်"** ဟူသည့် ရည်မှန်းချက်တာဝန်များဖြင့် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား)ကို ၁၉၉၅ ခုနှစ် မတ် ၂၇ ရက် နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ အခါသမယတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စတင်ဖွင့်လှစ်ခဲ့စဉ်က **"တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်"**အမည်ဖြင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရေးအတွက် နေပြည်တော် တောင်ညိုဒေသ၌ ၂၀၁၂ ခုနှစ် မတ်လ ၂၆ ရက်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ မူလ ဖွင့်လှစ်ခဲ့သည့် တပ်အား **"အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်"**ဟုသတ်မှတ်၍ ထပ်တိုးဖွင့်လှစ်ခဲ့သည့်တပ်အား **"အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်"**ဟူ၍ သတ်မှတ်ခဲ့ပါသည်။

မြဝတီရုပ်မြင်သံကြားအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ချိန်မှသည် ယနေ့ကာလတိုင် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များအတိုင်း ကြိုးစားအကောင်အထည်ဖော်လျက်ရှိနေသည်ကို ယင်းတို့၏တင်ဆက်မှုများက သက်သေထူနေပါသည်။ မှော်ဘီတွင် စတင်ဖွင့်လှစ်ချိန်က Analog စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော်တွင်ထပ်တိုးဖွင့်လှစ်ရာ၌ Digital စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တိုးတက်ပြောင်းလဲလာသော နည်းပညာများအရ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့မှစကာ Main Station နှစ်ခုစလုံးအား SD စနစ်မှ HD စနစ်သို့ပြောင်းလဲထုတ်လွှင့်နိုင်ခဲ့သည်မှာ မြဝတီရုပ်မြင်သံကြား၏ ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုပင်ဖြစ်ခဲ့သည်။ ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ တိုင်းရင်းသားပြည်သူများကြည့်ရှုနိုင်စေရေးအတွက် မြို့ကြီး ၃၅ မြို့တွင် ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ပေါင်း ၁၄၅ မြို့သို့ မြဝတီရုပ်မြင်သံကြား ဒစ်ဂျစ်တယ်လိုင်းများကောင်းမွန်စွာ ကြည့်ရှုနိုင်ရေးဆောင်ရွက်ပေးထားခဲ့ပြီဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားအနေဖြင့် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးပေးလျက်ရှိသကဲ့သို့ မြဝတီမီဒီယာများဖြစ်သည့် မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ သဇင်အသံလွှင့်ဌာနတို့သည်လည်း မှန်ကန်သောမီဒီယာကျင့်ဝတ်နှင့်အညီ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ တပ်နှင့်ပြည်သူ မြဲကြည်ဖြူနိုင်စေရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိနေသည်။ လွတ်လပ်ရေးရပြီး မကြာမီ မတည်မငြိမ်ဖြစ်နေသောတိုင်းပြည်အတွင်းသောင်းကျန်းသူများအား တပ်မတော်နှင့်ပြည်သူလက်တွဲကာ တိုက်ထုတ်သည့်နည်းတူ စာပေလက်နက်ဖြင့်တိုက်ဖျက်ချေမှုန်းနိုင်ရေးရည်ရွယ်လျက် ၁၉၅၂ ခုနှစ် နိုဝင်ဘာလတွင် မြဝတီမဂ္ဂဇင်းပေါ်ပေါက်ခဲ့သည်။ မြဝတီပုံနှိပ်တိုက်အား တည်ထောင်ခဲ့သည့်ရည်ရွယ်ချက်မှာ **ပြည်သူလူထုအား အသိပညာပေးရန်၊ သောင်းကျန်းသူတို့အား စာပေလက်နက်ဖြင့် ချေမှုန်းတိုက်ဖျက်ရန်၊ ပြည်သူနှင့်တပ်မတော် တစ်သားတည်းရှိကြောင်းပြသရန်၊ တပ်မတော်အတွင်း အသိပညာပေးရေး၊ စာပေပြန့်ပွားရေး** စသည့်လုပ်ငန်းများဆောင်ရွက်စေရေးရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့သည်မှာ ယနေ့ဆိုလျှင် နိုင်ငံတော်တွင် သက်တမ်းအရှည်ကြာဆုံး မဂ္ဂဇင်းကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်၏။ ဝမ်းသာဂုဏ်ယူဖွယ်ကောင်းလှပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် ပြည်တွင်းပြည်ပအဖျက်သမားများစွာက တပ်မတော်နှင့်ပြည်သူ၊ တပ်မတော်နှင့်အစိုးရ မသင့်မြတ်အောင် တစိုက်မတ်မတ်ကြံစည်နေလျက်ရှိကြသည်။ ထိုသို့ကြံစည်ကြရာတွင် အဓိကအသုံးပြုသည့်နည်းလမ်းမှာ မရိုးနိုင်သောမီဒီယာလက်နက်ပင်ဖြစ်၏။ စီအိုင်အေဝင်ရောက်မွှေနှောက်မှုကြောင့် ပြိုကွဲပျက်စီးသွားရသော နိုင်ငံများ၊ ပေးဆပ်လိုက်ရသောအသက်များ မနည်းလှပါပေ။ ပြည်ပြေးသစ္စာဖောက်များကို နေရာပေးလျက် မိမိတို့ဩဇာကိုလိုက်နာခြင်းမပြုသော နိုင်ငံများအား လေလှိုင်းကြားမှ အဆိပ်မှိုင်းမျိုးစုံ ထုတ်လွှတ်လျက်ရှိသော ပြည်ပဩဇာခံအသံလွှင့်ဌာနများ၊ အွန်လိုင်းမီဒီယာများအကြောင်းကို မျိုးဆက်သစ်မောင်မယ်များ ဇာတ်ရည်လည်စွာသိရှိကြဖို့လိုပေသည်။ မိမိတို့နိုင်ငံအတွင်းတွင်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ယင်းတို့၏အသံလွှင့်ဌာနခွဲများကို ငွေကုန်ကြေးကျများစွာခံလျက် တည်ဆောက်၍လည်းကောင်း တပ်မတော်နှင့်အစိုးရ၊ တပ်မတော်နှင့်ပြည်သူကြား အမုန်းပွားစေရေးအဆိပ်ခတ်သော ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ ရေရှည်စီမံချက်များကို မီဒီယာနည်းဖြင့် ပြန်လည်ခုခံတွန်းလှန်နိုင်ရန်အတွက် ခေတ်အဆက်ဆက် တပ်မတော်အကြီးအကဲများက ကြိုးစားခဲ့ကြလေသည်။

**မျက်မှောက်ကာလတွင် မီဒီယာ၏ဝါးမျိုခြင်းဒဏ်ကို လူသားတိုင်းခံစားနေကြရ၏။ ယင်းတို့ လှုံ့ဆော်စည်းရုံးမှုနောက်သို့ မသိမသာ လိုက်ပါမှန်းမသိပါအောင် မီဒီယာအဆိပ်ကို ကျွေးလျက်ရှိနေကြသည်။ တိုင်းတစ်ပါးကို အားကျအတုယူစိတ်များကိန်းအောင်းစေရေး တစ်စတစ်စသွတ်သွင်းပုံဖော်နေသည့် မီဒီယာများ၊ အမိအဘ၊ ဘာသာသာသနာကို လေးစားလျော့နည်းအောင် ကျင့်ဝတ်အမှားများဖြင့် လမ်းပြနေသော မီဒီယာများ၊ မျိုးချစ်စိတ်ကိုလျော့ပါးအောင် ဆောင်ရွက်နေသည့် မီဒီယာများ၊ မူးယစ်ဆေးဝါးကဲ့သို့ စိတ်ကိုပြောင်းလဲစေနိုင်စွမ်းရှိသော အင်တာနက်ဂိမ်းများသည် နယ်ချဲ့တို့၏ ခေတ်သစ်မီဒီယာလက်နက်ဆန်းများပင်ဖြစ်၏။ ဆင်ခြင်တုံတရားနည်းသည့်လူများက အဆိပ်ကိုအဆိပ်မှန်းမသိ နှစ်သက်စွဲလမ်းလာကြသည့်အခါ တိုင်းပြည်အတွက် အန္တရာယ်သဖွယ်ဖြစ်လာကြ၏။** မြဝတီစာပေတိုက်အနေဖြင့် စတင်တည်ထောင်ခဲ့ချိန်မှ ယနေ့တိုင် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များ ပြုစုထုတ်ဝေနိုင်ရေး ကြိုးစားအားထုတ်ကာ ပြည်သူလူထုကို အလင်းပြပေးလျက်ရှိသည်။ မီဒီယာတည်းဟူသောလက်နက်ဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ စာပေလောကအကျိုးရှေးရှုကာ စာကောင်းပေမွန်များကိုဖော်ထုတ်ပေးနေ၏။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် စာကောင်းပေမွန်များကို ဖန်တီးခဲ့သည့် စာပေပညာရှင်များကို ၂၀၀၂ ခုနှစ်မှစတင်ကာ မြဝတီ၊ ငွေတာရီနှစ်ပတ်လည်စာမူဆုများဖြင့် ဂုဏ်ပြုချီးမြှင့်ပြီး စာပေရေသောက်မြစ်ရှင်သန်အောင် ဆောင်ရွက်ပေးခဲ့၏။ ယနေ့အချိန်တွင် သုတအလင်းမဂ္ဂဇင်းအတွက်ပါ နှစ်ပတ်လည်စာမူဆုများ ပေးအပ်နိုင်ခဲ့ပြီဖြစ်သည်။

သတင်းစာများသည်လည်း ထိုနည်းအတိုင်းဖြစ်သည်။ ဖတ်ရှုသူလက်ထဲ အချိန်မီရောက်ရှိအောင် တာဝန်ရှိသူအဆင့်ဆင့် ကြိုးစားပုံနှိပ်ရသည့်သတင်းစာတစ်စောင်၏ ဖြစ်တည်မှုသည် မလွယ်ကူလှပါချေ။ တာဝန်ထမ်းဆောင်နေကြသူများသာအသိဆုံးဖြစ်ကြသည်။ နေ့စဉ်ထုတ်သတင်းစာနှစ်ခုဖြစ်သည့် မြဝတီသတင်းစာနှင့် ရတနာပုံသတင်းစာတို့သည် တပ်မတော်နှင့်ပြည်သူကို တစ်ဖက်တစ်လမ်းက ပေါင်းကူးပေးနေသည့်မီဒီယာများပင်ဖြစ်ပေသည်။ ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့်

စာမျက်နှာ ၂၁ သို့



စာမျက်နှာ ၂၀ မှအဆက်

အခြားသုတ၊ ရသ ဝတ္ထုဆောင်းပါးများပါဝင်သည့် သတင်းစာတစ်စောင်ဖြစ်တည်ရေးအတွက် သတင်းထောက်များမှသည် စာတည်း၊ စာပြင်၊ ကွန်ပျူတာသမားများ၏ အခန်းကဏ္ဍအရေးပါသကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြရသည့် သတင်းဌာန၊ ကြော်ငြာဌာန၊ ပုံနှိပ်ရေး၊ ဖြန့်ချိရေးနှင့် စီမံဌာနအားလုံး အရေးပါသူများသာ ဖြစ်ကြ၏။ တာဝန်ကျရာအချိန်များအလိုက် လစ်ဟာမှုမရှိစေရေး ကြိုးစားဆောင်ရွက်ကြသည့်တိုင် နေ့စဉ်ထုတ်ဖြစ်သည့်အတွက် ရံဖန်ရံခါ အမှားအယွင်းတချို့နှင့်လည်းကြုံရတတ်သည်။ ရှေ့တန်းရောက် တပ်မတော်သားများအတွက် သဇင် FM သည် စိတ်အပန်းဖြေဖွယ် ဥယျာဉ်နန်းလေးတစ်ခုနှင့်ပမာ တူလှသည်။ နေ့စဉ်ထုတ်သတင်းစာများ ပုံမှန်ဖတ်ခွင့်မရ၊ ရုပ်မြင်သံကြားအစီအစဉ်များကြည့်ခွင့်မရသည့် တောတောင်ထဲတွင် သဇင် FM ကြောင့် သတင်းများနားဆင်ခွင့်ရခဲ့သည်။ တေးသီချင်းများဖြင့် ချစ်သူခင်သူမိသားစုများဆီ အလွမ်းပြေခွင့်ရခဲ့ကြသည်။ အသံလွှင့်ဇာတ်လမ်းများဖြင့် စိတ်ကြည်နူးမှုများရခဲ့ကြသလို တိုင်းပြည်ကာကွယ်ရေးအတွက် ခွန်အားသစ်များကို တိုးပွားစေခဲ့သည်။ တိုင်းရင်းသားဘာသာ ၁၂ ဘာသာနဲ့ မြန်မာပိုင်းရေဒီယိုကို SW၊ MWတွေနဲ့ လွှင့်ပေးနေသလို FM အစီအစဉ်တွေကိုလည်း ထပ်ဆင့်လွှင့်စက်ရုံ ၅၂ ရုံကနေ နိုင်ငံတစ်ဝန်း ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

**ယခုဆိုလျှင် မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်တော့မည့် မြဝတီမီဒီယာစင်တာကြီးအား ၂၀၂၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်ဟုတင်စားခြင်းခံထားရသည့်မီဒီယာအား မီဒီယာသမားများကိုယ်တိုင်က လေးစားကြဖို့လိုပါသည်။ ပြည်ပမီဒီယာဆိုသည်မှာ ပြည်ပဆန်ဆန်သာ ပြုကျင့်မည်ဖြစ်၏။ ကိုယ့်ပြည်တွင်းမီဒီယာများအနေဖြင့် မြန်မာစိတ်ရှိဖို့လိုအပ်ပေသည်။ တစ်ချိန်က စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရသည်။ တိုင်းတစ်ပါးအလိုကျ မီဒီယာကျင့်ဝတ် မလိုက်နာမှုများသည်လည်း အလွန်အန္တရာယ်များလှသည်။ မျက်မှောက်ကာလတွင် မီဒီယာကျင့်ဝတ်ဖောက်ဖျက်မှုကြောင့် ကိုယ့်နိုင်ငံ ထီးနန်းမပျောက်စေလိုပေ။**

နှစ်ပတ်လည်အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားခဲ့ရာတွင် "ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ်သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏ စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကိုအဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပိုမို၍ ဂရုစိုက်ကြရန်လိုပါကြောင်း၊ အသံအနေအထား၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ရုပ်သွင်ပြင်လက္ခဏာကအစ အသေးစိတ်ဂရုပြု၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူများ၏စိတ်ကိုဆွဲဆောင်နိုင်စွမ်း၊ တက်ကြွလာအောင် Motivation လုပ်နိုင်စွမ်းသည်လည်း မြင့်မားကြောင်း၊ ပြည်သူအပေါ် အသိပညာဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကိုထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ ပညာတတ်သားကောင်းရတနာများဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှ စဉ်ဆက်မပြတ်အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများနှင့် ထုတ်လွှင့်ရမည်ဖြစ်သကဲ့သို့ လူမှုရေးဦးတည်ချက် ၄ ရပ်ထဲတွင် ပါသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် အချက်နှင့်အညီ ထုတ်လွှင့်ပြသကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း" ဟူ၍ ရုပ်သံမီဒီယာနှင့်ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်ကို မှတ်သားခဲ့ရသည်။

ယခုဆိုလျှင် မြန်မာနိုင်ငံ၏မီဒီယာလုပ်ငန်းများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်တော့မည့် မြဝတီမီဒီယာစင်တာကြီးအား ၂၀၂၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်ဟုတင်စားခြင်းခံထားရသည့်မီဒီယာအား မီဒီယာသမားများကိုယ်တိုင်က လေးစားကြဖို့လိုပါသည်။ ပြည်ပမီဒီယာဆိုသည်မှာ ပြည်ပဆန်ဆန်သာ ပြုကျင့်မည်ဖြစ်၏။ ကိုယ့်ပြည်တွင်းမီဒီယာများအနေဖြင့် မြန်မာစိတ်ရှိဖို့လိုအပ်ပေသည်။ တစ်ချိန်က စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရသည်။ တိုင်းတစ်ပါးအလိုကျ မီဒီယာကျင့်ဝတ်မလိုက်နာမှုများသည်လည်း အလွန်အန္တရာယ်များလှသည်။

သမိုင်းတစ်လျှောက်မှသည် ၂၀ ရာစုကာလအတွင်း ဖျက်စွမ်းအားပြင်းလက်သိပ်ထိုးမီဒီယာစွမ်းအားတို့ကြောင့် နိုင်ငံကြီး၊ နိုင်ငံငယ်များ အပိုင်းပိုင်းဖြစ်သွားခဲ့ကြရသည်ကို သတိမူတတ်ကြဖို့ အရေးကြီးပေသည်။ တချို့သော နာမည်ကြီးဘောလုံးသမားများမှာ မီဒီယာများကိုကြောက်သဖြင့် ပုန်းလျှိုးကွယ်လျှိုး လူတောတိုးကြရသည်။ ရိုးသားမှုရှိပြီး မီဒီယာကျင့်ဝတ်ညီသော မီဒီယာသမားဆိုလျှင် ပုန်းကွယ်စရာမရှိပါပေ။ သို့သော် လူကြိုက်များစေမည့် မဟုတ်မဟတ်သတင်းများကို အကျယ်ချဲ့ပြီး စီးပွားရှာလိုသည့် မီဒီယာသမားများကြောင့် လူကောင်းများ အနေအစားကျပ်ရသလို နိုင်ငံများအနေဖြင့်လည်း သတိကြီးကြီးထားနေကြရသည်။

မြဝတီရုပ်မြင်သံကြားသည်ကား ချမှတ်ထားသည့်ရည်မှန်းချက်များနှင့်အညီ ခေတ်စနစ်နှင့်လျော်ညီသည့်ဖျော်ဖြေတင်ဆက်မှုများဖြင့် တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများကို အလုပ်အကျွေးပြုနေသည်မှာ ကျွန်တော့်မျက်မြင်ပင်ဖြစ်ပေသည်။ ငယ်စဉ်ကလေးဘဝမှစ၍ ကြည့်ရှုအားပေးခဲ့ရသော မြဝတီရုပ်မြင်သံကြားသည် ယနေ့လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်ချိန်ထိ ရှက်ဟောင်းများနေရာတွင် ရှက်သစ်များဝေလျက် တပ်မတော်နှင့် ပြည်သူကိုပေါင်းကူးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေသည်။ ခေတ်နှင့်အညီ တင်ဆက်နေသည့် မြဝတီရုပ်မြင်သံကြားသည် နည်းပညာပိုင်းများပြောင်းလဲသွားသော်လည်း အနှစ်သာရများမပြောင်းလဲခဲ့ပေ။ နိုင်ငံတစ်ဝန်းက သတင်းများကို ပြန်ကြားပေးသဖြင့် ပြည်သူတို့အသိကြွယ်ခဲ့ကြသည်။ ပညာပေး၍ မျက်စိပွင့်ခဲ့ရသည်။ ဖျော်ဖြေမှုကြောင့် စိတ်နှလုံးလန်းဖြာခဲ့ရသည်။ စည်းရုံးမှုကြောင့် တပ်နှင့်ပြည်သူ လက်တွဲညီခဲ့ရသည်။ မြဝတီစာပေတိုက်သည်လည်း ထိုနည်းတူစွာ ကြိုးစားလျက်ရှိနေသည်။ သတင်းစာများသည်လည်း ထိုနည်းလည်းကောင်း၊ ရေဒီယိုအသံလွှင့်ဌာနများသည်လည်း ထိုနည်းလည်းကောင်း အတိုင်းပါပင်။ ထိုအစဉ်အလာကောင်းများကို လက်ဆင့်ကမ်းလျက် (၂၈) နှစ်မြောက် မြဝတီရုပ်မြင်သံကြားနှစ်ပတ်လည် အခါသမယမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူဖြူသောနှလုံးကိုထုံးမူလျက် ကြိုးစားပုံဖော်သွားမည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါချေ။ ကျွန်တော့်အနေဖြင့်လည်း လက်ခံရယူခဲ့သော နှစ်ပတ်လည်စာမူဆုမှသည် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များ ဆက်လက်ပြုစုကာ မြဝတီမင်းကြီးဦးစကဲ့သို့ လက်ရုံးရည်၊ နှလုံးရည်ထူးကဲသောစာဆိုစစ်သည်ကောင်းတစ်ဦး ဖြစ်နိုင်ရေး ကြိုးစားသွားမည်ဟူသော အတွေးဖြင့် (၂၈)နှစ်မြောက် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနားကို ခံစားသက်ဝင်လျက် ဂုဏ်ပြုစာပန်းချီခြယ်မိပါသည်။ ။

## အခမဲ့သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြား

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် ယခုနှစ်မှ နေပြည်တော်တွင် စတင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သောတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက်ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင်ပါဝင်သည့်တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ်သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့်စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းဆင်းမိန့်ခွန်းပြောကြားစဉ်။**

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၌ ကျင်းပသည့် အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာန လက်အောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း(ရေကြောင်း) ဆုရ သန့်လွင်အေး၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ)ဆုရ မင်းခန့်၊ စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ)ဆုရ သာတအောင်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရ ဘုန်းမြင့်မောင်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ နိုင်လင်း၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ ကျော်ဇင်မျိုးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းဆင်းအရာရှိလောင်းများ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ အရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံဂုဏ်ပြုစကား ပြောကြားသည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄)၌ ရေကြောင်းအရာရှိလောင်း ၂၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၅၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်း ခြောက်ဦး စုစုပေါင်း ၈၃ ဦးတို့ တက်ရောက် အောင်မြင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ရေယာဉ်တည်ဆောက်ပြုပြင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဝင်းအတွင်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုအခြေအနေနှင့် ဌာနက စီစဉ်ဖွင့်လှစ်သင်ကြားပေးနေသည့် လျှပ်စစ်ဂဟေဆက်သင်တန်း လေ့ကျင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းလုပ်ငန်းများ လျင်မြန်သွက်လက်စေရေး၊ အခွန်ငွေ တိုးမြှင့်ကောက်ခံနိုင်ရေး ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆူးလေဆိပ်ကမ်းအမှတ် (၁)၊ (၂)၊ (၃) နှင့် (၄) ဆိပ်ခံတံတားများ၏ အခြေအနေ၊ တံတားများတွင် ပြည်ပသင်္ဘောများ ဆိုက်ကပ်၍ ဆန်တင်ပို့ရန်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီရုပ်မြင်သံကြားတွင် ၁၀ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်မှ ထူးချွန်ဆုရ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆု၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်း မဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိသူများကိုလည်းကောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။**





**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက ဆုရရှိသူ စစ်သည် တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်စဉ်။**



**ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဆုရရှိသူ ဝန်ထမ်းတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်စဉ်။**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျက်မြင်စစ်ဆေးရေးအဖွဲ့သွားရောက်စစ်ဆေးခဲ့သည့် မျက်မြင်တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးခဲ့သည့် မျက်မြင်တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးခဲ့သည့် မျက်မြင်တွေ့ရှိချက်များနှင့်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ(၃) ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌက ယနေ့ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရှေ့ပြေးစမ်းသပ်စီမံကိန်းဖြင့် ပြန်လည်စိစစ်လက်ခံရန် လျာထားသည့် နေရပ်စွန့်ခွာသူများနှင့် ၎င်းတို့၏ ဆက်စပ်မိသားစုဝင်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်မြို့သို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်၍ မျက်မြင်စစ်ဆေးခဲ့သည့် တွေ့ရှိချက်များနှင့်စပ်လျဉ်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီက ပြုစုထားရှိသည့် အစီရင်ခံစာအပေါ် အကြံပြုသုံးသပ်ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ မျက်မြင်စစ်ဆေးရေးအဖွဲ့၏ မျက်မြင်တွေ့ရှိချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၏ ဖြစ်ပေါ်တိုးတက်မှု နောက်ဆုံးအခြေအနေများကို ဝိုင်းဝန်းသုံးသပ်အကြံပြုဆွေးနွေးပေးကြရန်တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက မျက်မြင်စစ်ဆေးရေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြေပြင်ဖြစ်ရပ်မှန်များကို သွားရောက်မျက်မြင်စစ်ဆေးခဲ့သည့်အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက မျက်မြင်စစ်ဆေးရေးအဖွဲ့၏ မျက်မြင်တွေ့ရှိချက်များ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ ပြန်လည်စိစစ်လက်ခံမည့်နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃) ကျင်းပ

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်း၏ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကိုလည်းကောင်း၊တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၏ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် လည်းကောင်း ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့်အဖွဲ့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် လာမည့်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ထားမှုအခြေအနေများနှင့်ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**







ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် အခမဲ့ စမ်းသပ်ကုသပေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် အခမဲ့စမ်းသပ်ကုသပေး

**နေပြည်တော် ဧပြီ ၅**

"ဘုရားရှင်ကို ချစ်ကြည်ညိုက သူ့အို သူနာ အနာထာကို မေတ္တာပို့၍ ရှိသေလေးမြတ်လုပ်ကျွေးအပ်၏"ဟူသည့် ဘုရားဟောတရားနှင့်အညီ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို မျက်စိကုဆရာဝန်ပါရဂူကြီးများက ယနေ့နံနက်ပိုင်းတွင် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ စတင်၍ အခမဲ့စမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပထမအကြိမ် စတင်ကုသပေးခြင်းဖြစ်ပြီး ဒဂုံမြို့သစ် လေးမြို့နယ်မှ မျက်စိဝေဒနာရှင်များကို မျက်စိကျွမ်းကျင်ဆရာဝန်ပါရဂူကြီးများက ပထမနေ့အဖြစ်ကုသပေးရာ ယနေ့တွင် အခမဲ့စမ်းသပ်ကုသပေးသူ ၃၄၄ ဦး၊ ခွဲစိတ်ကုသပေးရန် ၉၆ ဦးရှိကြောင်း၊ လာရောက် ဆေးကုသမှုခံယူသူများကို အာဟာရဒါနကျွေးမွေးခဲ့ကြောင်းနှင့် ကုသမှုများကို ဧပြီ ၁၀ ရက်ထိ အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သီတဂူစက္ခုဒါနဆေးရုံ ၄၄ ရုံဖွင့်လှစ်ပြီး မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ ၁၉၉၉ ခုနှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ မျက်စိစမ်းသပ်ကုသခံယူသူ ၅၄၈၅၀၄ ဦးနှင့် မျက်စိခွဲစိတ်ကုသမှုခံယူသူ ၁၀၅၂၃၄ ဦးရှိကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာအုပ်စု ဝါးချက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၅၀၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၄၄ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၈ ဦး၊ အရိုးရောဂါဦးရေ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀ ဦး၊ မျက်စိရောဂါ ၁၆၉ ဦး၊ သွားရောဂါ ၃၄ ဦးနှင့် အခြားရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ငါးဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ Ultra-sound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၉၂ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ သုံးဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။



တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်တို့ ကြည့်ရှုအားပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်လူနာများကို မျက်မှန်များ တပ်ဆင်ပေး၍ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကို ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ "ဂုဏဝိသိဋ္ဌပူဇာ" မင်္ဂလာကျင်းပ



ဆရာတော်ထံ ရခိုင်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကိုထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ "ဂုဏဝိသိဋ္ဌပူဇာ"မင်္ဂလာကို ယနေ့နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဗ္ဗာနရုံကျောင်းပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဗ္ဗာနရုံ ကျောင်းပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ချွတ်ပွားသရဇ္ဈာယ်တော်မူသည့် သမ္ဗောဒ္ဓနိယကထာနှင့် မေတ္တာသုတ်ပရိတ်တရားတော်များကိုနာယူကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါးနှင့် သံဃာတော်များအား ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြကာ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မေ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၈၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၆၆ ဦး |

**နေပြည်တော် ဧပြီ ၅**

ဧပြီ ၄ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၀၆ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း”အတွက် အသိပေးကြေညာ

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် အမိန့်အမှတ်(၆၃/၂၀၂၀)အရ ဒုတိယအဆင့် ဖွင့်လှစ်မည့် ၂၀၂၃ ခုနှစ် မေ ၃ ရက်မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့်နေရာများတွင် လာရောက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူများ လျင်မြန်လွယ်ကူစွာနှင့် အချိန်ကုန်သက်သာစေရန်ရည်ရွယ်၍ မူပိုင်ခွင့်ဦးစီးဌာန Website ၏(www.ipd.gov.mm) အီလက်ထရောနစ်ဝန်ဆောင်မှုများ(e-Services)ကဏ္ဍအောက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ရက်ချိန်းရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ထားရှိပါသည်။ ရက်ချိန်းရယူနိုင်ရန်ဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်းလုပ်ဆောင်ရမည်ဖြစ်ပါသည်-

(က) မူပိုင်ခွင့်ဦးစီးဌာနWebsite(www.ipd.gov.mm) ၏မူလစာမျက်နှာ(Home Page)ရှိ အီလက်ထရောနစ် ဝန်ဆောင်မှုများ(e-Services)သို့ ဝင်ရောက်ပါ၊

(ခ) လျှောက်လွှာလက်ခံမည့် ရုံးနေရာကိုရွေးချယ်ပါ၊ (နေပြည်တော်၊ရန်ကုန်)

(ဂ) လာရောက်လျှောက်ထားလိုသည့်နေ့ရက်ကို ရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ၊

(ဃ) လာရောက်လျှောက်ထားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကိုဖြည့်စွက်ပါ၊

(င) အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Buttonကိုနှိပ်၍ ရက်ချိန်းရယူနိုင်ပြီဖြစ်ပါသည်။

(စ) ရက်ချိန်းရယူသူ၏အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် deptip.infotech@ipd.gov.mmမှ ရက်ချိန်းရယူခြင်းကိုလက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည်ဖြစ်ပါသည်။

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင် လျှောက်ထားရန် ရက်ချိန်းရယူသည့်စနစ်နှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက အောက်ဖော်ပြပါ Help desk များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**နေပြည်တော်** ရုံးအမှတ်(၅၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၀၅၉၄

**ရန်ကုန်ရုံးခွဲ** အမှတ်(၂၂၈)/၂၄၀ ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၈၃၈၀၂၆၅

**မန္တလေးရုံးခွဲ** ၃၅ လမ်းနှင့် ၆၃-၆၄ လမ်းကြား ပို့ကုန်သွင်းကုန်ရုံး ကုန်သွယ်ရေးဦးစီးဌာန

**မှတ်ချက်။** **။အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)ကို ၂၀၂၃ ခုနှစ် မေ ၁၈ ရက်မှ စတင်ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**မူပိုင်ခွင့်ဦးစီးဌာန**

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် မေ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၂၀၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဇင်းကျိုက်ဘူတာမှ ပုဇွန်တောင်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် မေ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့်နိုင်ငံတစ်ဝန်းပြည်သူများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ပြည်တွင်းထုတ်ကုန်များနှင့်နယ်စပ်ဒေသမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေးစသည့် ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၈ စီး၊ စာပို့ရထားခရီးစဉ် ၁၂ စီး၊ လူစီးကုန်တင်ရထားခရီးစဉ် ရှစ်စီးတို့နှင့် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးရထားခရီးစဉ် အစီး ၃၀ စုစုပေါင်းရထားခရီးစဉ် ၆၈ စီးတို့နှင့်ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာမှ ဌာန၏ လမ်းခင်းကျောက်များသယ်ယူ၍ မေ ၄ ရက် နံနက်ပိုင်းတွင် ဇင်းကျိုက်မှ ထွက်ခွာလာသည့် ရထားအမှတ်(၆၈၄)အစုန် ကျောက်ရထားသည် သထုံမြို့နယ် ရင်းငြိမ်ဘူတာနှင့် သထုံဘူတာအကြား မိုင်တိုင်အမှတ် ၁၃၉/၂-၁ သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဖြတ်သန်းစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် စက်ခေါင်းရှေ့ မိုင်းကာတွဲ WBXHV 14375 ၏ အောက်တည့်တည့်မှ ပေါက်ကွဲမှုဖြစ်ပွား၍ အရှေ့ဘက်သံလမ်း တစ်ပေခွဲခန့်ပြတ်ထွက်ခဲ့ပြီး အနောက်ဘက်သံလမ်း တစ်ပေခွဲခန့် ဗိုက်သားကွဲ၊ ကွန်ကရစ်ဇလီဖားတုံး တစ်တုံးပျက်စီးခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အကြမ်းဖက်သမားများသည် သံလမ်းနှစ်ဖက်စလုံးပြတ်ထွက်၍ ရထားတိမ်းမှောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့စေရန် ရည်ရွယ်ချက်ဖြင့် မိုင်းထောင်ခဲ့ခြင်းဖြစ်သော်လည်း အရှေ့ဘက်သံလမ်းတစ်ဖက်သာ တစ်ပေခွဲခန့်ပြတ်ထွက်ပြီး အခြားတစ်ဖက်မှာ သံလမ်းဗိုက်သားကွဲမှုသာဖြစ်ပေါ်ခဲ့သဖြင့် ရထားထိခိုက်ပျက်စီးမှုမရှိဘဲ ဆက်လက် ထွက်ခွာနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောက်ရထားမှာ သထုံဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၁၈ မိနစ်တွင် ရောက်ရှိခဲ့ပြီး ရထားလမ်းအနည်းငယ်ပျက်စီးမှုကိုလည်း လမ်းပိုင်းပြုပြင်မှုများဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှစ၍ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများကို ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ခြောက်ကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု လေးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ၊တွေ့ရှိမှု တစ်ကြိမ် စုစုပေါင်း ၁၆ ကြိမ်နှင့် ဘူတာ၊ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းတစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၁၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၃၇ ကြိမ်၊ ဘူတာများကို မီးရှို့ဖျက်ဆီးခြင်း ၁၁ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှုနှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်စေရေးအတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ် ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင် လမ်းခင်းကျောက် သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ်မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် PDF အမည်ခံအကြမ်းဖက်သမားများကို ဒေသခံပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။





**ဇင်းကျိုက်ဘူတာမှ ပုဇွန်တောင်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်မှုကြောင့် ရထားသံလမ်းထိခိုက်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။**

# လူကုန်ကူးမှု ဘယ်လိုတားဆီးမလဲ (၃)

နိုင်ငံတစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သောပြစ်မှုကို၊ နိုင်ငံတစ်နိုင်ငံတွင် ကျူးလွန်သောပြစ်မှု၏ အရေးကြီးသောအစိတ်အပိုင်းများကို အခြားနိုင်ငံတစ်နိုင်ငံတွင် ပြင်ဆင်ခြင်း၊ စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုသောပြစ်မှု၊ ပြစ်မှုကျူးလွန်သူများသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် ပါဝင်ခြင်းနှင့် နိုင်ငံတစ်နိုင်ငံတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်နိုင်ငံကို ထိခိုက်နစ်နာစေသောပြစ်မှု စသည်များသည် **နိုင်ငံဖြတ်ကျော်မှုခင်း**ဖြစ်သည်။

တရားမဝင်သော သို့မဟုတ် သက်ဂမကင်း ဖွယ်ရာဖြစ်သောပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ပိုင်နက်မြေအတွင်းသို့ဖြစ်စေ တင်သွင်းစေခြင်း၊ တင်ပို့ခြင်း၊ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့ကို စစ်ဆေးတွေ့ရှိသည့်အခါ အဓိက ကျူးလွန်သူများအား ဖော်ထုတ်အရေးယူရန် အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထိန်းချုပ်၍ ၎င်းတို့၏အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်စေသည့် နည်းစနစ်ကို **ထိန်းချုပ်ဖော်ထုတ်ခြင်း** ဟုဆိုသည်။

**ပစ္စည်းဆိုသည်မှာ** မည်သည့်ပုံစံဖြင့်မဆို ဖြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း ဆိုလိုသည်။ (ပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာတမ်းအမှတ်အသား၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် အကျိုးအမြတ်များလည်း ပါဝင်သည်။)

ဥပဒေရေးရာနှင့်တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ တာဝန်များမှာ-

- လူကုန်ကူးမှုများကို တားဆီးကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေးနှင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့်လုံခြုံရေးတို့အတွက် သက်ဆိုင်သည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ရေးအတွက် လိုအပ်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ ဗဟိုအဖွဲ့သို့တင်ပြခြင်း၊
- လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့စေရေးအတွက် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ဤဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏ လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊
- နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် လူကုန်ကူးမှုများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးရန် သို့မဟုတ် အကူအညီရယူရန်လိုအပ်ပါက ဗဟိုအဖွဲ့သို့တင်ပြခြင်း၊
- ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ဤဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လိုအပ်သောသင်တန်းအစီအစဉ်နှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

❖ လူကုန်ကူးသူသည် အလိုလောဘနှင့် ဖြတ်လမ်းမှကြီးပွားချမ်းသာလိုသောသူများက စီးပွားရေးဖြတ်လမ်းနည်းဖြင့် ကျူးလွန်ခြင်းဖြစ်သည်။ လူကုန်ကူးခြင်းခံရသူများသည် ကြီးပွားချမ်းသာလိုသောလောဘကို အခြေခံ၍ သင့်၊ မသင့်၊ မှန်၊ မမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ လူကုန်ကူးသူတို့၏ စည်းရုံးခြင်းခံရသောကြောင့် လူကုန်ကူးခြင်းခံရသည်။ အထူးအားဖြင့် လူကုန်ကူးခြင်းခံရသူတို့သည် အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်မှု အသိဗဟုသုတနည်းပါးပြီး ကြီးပွားချမ်းသာလိုသော စိတ်ဆန္ဒတစ်ခုတည်း အပေါ်အခြေခံကာ လူကုန်ကူးခြင်းခံရသူများဖြစ်သည်။ ❖

- ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အကူအညီကို ရယူခြင်း၊
- ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးတာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ရန်အတွက် ဥပဒေရေးရာနှင့်တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းထားသည်။

လူကုန်ကူးမှုကျူးလွန်သူများသည် နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်ကြသည်။ အချို့သော လူကုန်ကူးမှုများသည် လူကုန်ကူးခံရသူကိုယ်တိုင်က လူကုန်ကူးမှုခံရအောင် ဖန်တီးထားသည်များရှိကြောင်း လူကုန်ကူးမှုဖြစ်စဉ်မှုခင်းများအရ လေ့လာသုံးသပ်တွေ့ရှိရသည်။

အချို့သော လူကုန်ကူးမှုများသည် လူကုန်ကူးသူကိုယ်တိုင် လူကုန်ကူးမှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီမံချက်များရေးဆွဲကာ လူကုန်ကူးသူများရှိသည်။ ထိုသို့သော လူကုန်ကူးသူများသည် လူကုန်ကူးမှုဖြင့် တရားစွဲဆိုအရေးယူခံရသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းများက မှုခင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများ မှုခင်းနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေးဆောင်ရွက်ခြင်းများ၊ သက်သေအထောက်အထားများ ခိုင်လုံစွာရရှိနိုင်ရေးအတွက် ထောက်လှမ်းခြင်း၊ စုံစမ်းခြင်းများ၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ စသည့်တို့ကို ဆောင်ရွက်ကြရသည်။

ထိုသို့ သတင်းအချက်အလက်စုဆောင်းခြင်း၊ ထောက်လှမ်းစုံစမ်းစစ်ဆေးနေစဉ် လူကုန်ကူးသူများက မှုခင်းမပေါ်ပေါက်စေရန်၊ လူကုန်ကူးမှုအထောက်အထားခိုင်လုံမှုမရှိစေရန်၊ မှုခင်းကျူးလွန်ကြောင်းခိုင်လုံမှုမရှိစေရန်ရည်ရွယ်၍ မှုခင်းစုံစမ်းစစ်ဆေးသူကိုသော်လည်းကောင်း၊ မှုခင်းစစ်ဆေးဆောင်ရွက်ရာတွင် တာဝန်ရှိသူကိုသော်လည်းကောင်း တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်း တစ်စုံတစ်ရာကို မှုခင်းစုံစမ်းစစ်ဆေးသည့် ပြည်သူ့ဝန်ထမ်းအား ပေးကမ်းတတ်သည်။ ထိုသို့ပေးကမ်းသည်ကို လက်ခံရယူသော ပြည်သူ့ဝန်ထမ်းသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၃၀ ကျူးလွန်သူဖြစ်သည်။

အချို့သော ပြည်သူ့ဝန်ထမ်းသည် လူကုန်ကူးသူများက မိမိအတွက်ဖြစ်စေ၊ မိမိအထက်တာဝန်ရှိသူသို့ဖြစ်စေ တံစိုးလက်ဆောင်ငွေကြေး၊ ပစ္စည်းများ ပေးကမ်းတတ်သည်ကို လက်ခံရယူသူများရှိသည်။ ငြင်းပယ်သူများရှိသည်။ လူကုန်ကူးသူမှ တံစိုးလက်ဆောင်ငွေကြေး၊ ပစ္စည်းများပေးသည်ကို လက်ခံရယူပြီး ထိုငွေကြေးပစ္စည်းများအပေါ် သာယာကြည်နူးမိသည်။ တံစိုးလက်ဆောင် ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာရရှိနိုင်ရေးအတွက် တောင်းခံသူများလည်းရှိသည်။ ထိုသို့ တံစိုးလက်ဆောင်ငွေကြေး ပစ္စည်းတောင်းခံသူသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၃၀ ကျူးလွန်သူဖြစ်သည်။

လူကုန်ကူးမှုပြစ်မှုတစ်ရပ်ရပ်ဖြင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ မှုခင်းစစ်ဆေးစီရင်ခြင်းပြုသူ ပြည်သူ့ဝန်ထမ်းများသည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ တံစိုးလက်ဆောင်ငွေကြေးပစ္စည်းတစ်စုံတစ်ရာတောင်းခံခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်းပြုပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၃၀ အရ တရားစွဲဆိုခြင်းခံရမည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၃၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ်ထိ ချမှတ်ခြင်းခံရမည်အပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရပေမည်။

အချို့သော ရာဇဝတ်ပြစ်မှုများနှင့်စပ်လျဉ်း၍ နောက်ထပ်ပြစ်မှုထပ်မံကျူးလွန်သူကို မှတ်သားလောက်အောင် ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် ဥပဒေများပြဋ္ဌာန်းထားသည်။ ထို့အတူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးအပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်ဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၃၁ တွင် "ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်"ဖြစ်သည်။

ဥပမာ- အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များကို လူကုန်ကူးမှုကျူးလွန်သဖြင့် ပုဒ်မ-၂၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောသူသည် ထပ်မံ၍ ပုဒ်မ-၂၄ ပြဋ္ဌာန်းချက်ပါ ပြစ်မှုကို ထပ်မံကျူးလွန်လျှင် ပုဒ်မ-၂၄ အရ အများဆုံး ထောင်ဒဏ်တစ်သက်ထိ အပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

လူကုန်ကူးမှု ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုလျှင် ၎င်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကိုချမှတ်ခြင်းခံရမည်ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၃၂ တွင် ပြဋ္ဌာန်းထားသည်။

ဥပမာ- ပုဒ်မ-၂၄ ပြဋ္ဌာန်းချက်ပါ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များကို လူကုန်ကူးမှုကျူးလွန်ရန် ပြင်ဆင်အားထုတ်ခြင်း၊ ပူးပေါင်းပါဝင်ကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်း စသည့်တစ်ခုခုပြုလုပ်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ ပါ ပြစ်ဒဏ် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ချမှတ်ခြင်းခံရမည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၃၃ သည် လူကုန်ကူးမှုပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း အမိန့်ချမှတ်ရမည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး သို့မဟုတ် ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်းခံရသူကို နစ်နာကြေးပေးသည့် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ-၃၃ သည်လူကုန်ကူးခြင်းခံရသူ၏နစ်နာမှုကို ကုစားပေးခြင်းဖြစ်သည်။

လူကုန်ကူးသူသည် အလိုလောဘနှင့်ဖြတ်လမ်းမှ ကြီးပွားချမ်းသာလိုသောသူများက စီးပွားရေးဖြတ်လမ်းနည်းဖြင့် ကျူးလွန်ခြင်းဖြစ်သည်။ လူကုန်ကူးခြင်းခံရသူများသည် ကြီးပွားချမ်းသာလိုသော လောဘကို အခြေခံ၍ သင့်၊ မသင့်၊ မှန်မမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ လူကုန်ကူးသူတို့၏စည်းရုံးခြင်းခံရသောကြောင့် လူကုန်ကူးခြင်းခံရသည်။ အထူးအားဖြင့် လူကုန်ကူးခြင်းခံရသူတို့သည် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မှု အသိဗဟုသုတနည်းပါးပြီး ကြီးပွားချမ်းသာလိုသော စိတ်ဆန္ဒတစ်ခုတည်းအပေါ် အခြေခံကာ လူကုန်ကူးခြင်းခံရသူများဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရန် နည်းလမ်းများမှာ လူကုန်ကူးသူများသည် လူကုန်ကူးခြင်းခံရသူကို မိမိ၏သား၊သမီးများကဲ့သို့ သဘောထားပြီး သန့်ရှင်းစင်ကြယ်သောစေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးပါက လူကုန်ကူးမှုများ ပပျောက်နိုင်ပေမည်။ လူကုန်ကူးခြင်းခံရသည့်သတင်း ကြားသိလျှင်၊ ကြားသိခြင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အစည်းများထံ သတင်းများအချိန်မီပေးပို့ခြင်းဖြင့် ကာကွယ်နိုင်ပေမည်။ မိဘဆွေမျိုးများကလည်း မိမိတို့၏သား၊ သမီး စသည်များကို လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို နားလည်အောင် သွန်သင်ဆုံးမပေးသင့်သည်။ စားဝတ်နေရေးမပြေလည်၍ဖြစ်စေ၊ အခြားငွေကြေးလိုအပ်ချက်များကြောင့်ဖြစ်စေ မိမိကိုငွေကြေး အလွယ်တကူရနိုင်မည့် နည်းလမ်းများ၊ ငွေကြေးအမြောက်အမြားရနိုင်မည့်နည်းလမ်း စသည့်နည်းလမ်းများစွာဖြင့် စည်းရုံးလာသည်ကို ကြီးပွားချမ်းသာလိုသော နှလုံးသားအသိဖြင့် ဝေဖန်ဆုံးဖြတ်ခြင်းမပြုဘဲ အသိဉာဏ်ပညာဖြင့်ယှဉ်သော အသိတရားဖြင့် ဝေဖန်ပိုင်းခြားဆုံးဖြတ်လျှင် လူကုန်ကူးခြင်းဘေးအန္တရာယ်မှ ကင်းဝေးပေလိမ့်မည်။ လူကုန်ကူးခြင်းသည် လူသားအချင်းချင်း ခေါင်းပုံဖြတ်သည့်လုပ်ရပ်ဖြစ်၍ လူမှုအသိုင်းအဝန်းတွင် မလိုလားအပ်သောလုပ်ရပ်ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှုပပျောက်ရေးအတွက် ပြည်သူလူထုသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာကွယ်ဆောင်ရွက်ပါက လူကုန်ကူးမှု ပပျောက်နိုင်မည်ဖြစ်ပါကြောင်း စေတနာရှေ့ထား ရေးသားတင်ပြပါသည်။

ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)

# တောင်ကိုရီးယားနိုင်ငံအလယ်ပိုင်းတွင် လာမည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းလာဖွယ်ရှိ



**ဆိုးလ် ဧပြီ ၅**

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းမှုဖြစ်ပွားနေပြီး လာမည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းလာဖွယ်ရှိနေသည့်အတွက် ပုံမှန်မဟုတ်သည့် အပူချိန်မြင့်တက်မှုကျဆင်းလာဖွယ်ရှိနေကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Chosun သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနောက်ကမ်းခြေများတွင် လေဖိအားနည်းနေသည့်အတွက် လာမည့် ၄၈ နာရီအတွင်း မိုးရွာသွန်းဖွယ်ရှိနေပြီး မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသများအတွက် မိုးရွာသွန်းလာနိုင်ခြေရှိနေသည့် သတင်းမှာ သတင်းကောင်းတစ်ရပ်ဖြစ်နေကြောင်း၊ ထို့ပြင် ဆိုးလ်မြို့အနီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး မိုးရွာသွန်းမှုကြောင့် တောမီးကို အမြန်ဆုံးထိန်းချုပ်လာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

"လာမဲ့ ၄၈ နာရီအတွင်း မိုးရွာသွန်းလာဖွယ်ရှိနေပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၂၀ ကနေ မီလီမီတာ ၆၀ ထိ မြင့်တက်လာဖွယ်ရှိနေပါတယ်။ မိုးရွာသွန်းလာရင်တော့ အပူချိန်မြင့်တက်မှုအနည်းငယ် ကျဆင်းလာဖွယ်ရှိနေတယ်။ မိုးခေါင်တဲ့ပြဿနာကြောင့် အခက်အခဲရှိနေတဲ့ တောင်သူတွေအတွက် သတင်းကောင်းဖြစ်ပါတယ်။ မိုးရွာသွန်းလာနိုင်မှုကြောင့် အပူချိန်ကျဆင်းလာဖွယ်ရှိနေပေမဲ့လဲ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက်တော့ အနည်းငယ်များလာနိုင်ဆဲဖြစ်ပါတယ်"ဟု တောင်ကိုရီးယားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရွာသွန်းလာနိုင်သည့် မိုးရေချိန်မှာ မီလီမီတာ ၂၀ မှ မီလီမီတာ ၆၀ ထိရှိနေပြီး မိုးရွာသွန်းမှုအဓိကဖြစ်ပေါ်လာနိုင်သည့် ဒေသမှာ ဂန်ဝမ်စီရင်စုဖြစ်ကြောင်း တောင်ကိုရီးယားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းမှုကြောင့် အပူချိန်ပမာဏကျဆင်းလာဖွယ်ရှိနေသော်လည်း ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ထက် အနည်းငယ်မြင့်တက်ဖွယ်ရှိနေဆဲဖြစ်ကြောင်း၊ မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီးပါက နံနက်ပိုင်းအချိန်များတွင် အပူချိန်မှာ ပုံမှန်အပူချိန်ပမာဏအတိုင်း ဖြစ်ပေါ်လာဖွယ်ရှိနေသော်လည်း မွန်းတည့်ချိန်နှင့် မွန်းလွဲပိုင်းအချိန်များတွင် အပူချိန်မှာ ပုံမှန်ထက် သုံးဒီဂရီစင်တီဂရိတ်မှ ခြောက်ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။ **ရိုင်းဆက်**

# ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းတွင် မြေငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်

**မနီလာ ဧပြီ ၅**

ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် ဧပြီ ၄ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်က ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ငလျင်လှုပ်ခတ်မှုအနီးရှိ ကျွန်းစုများကို တာဝန်ရှိသူများက ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူးရှိသည့် မြေငလျင်တစ်ခု ဧပြီ ၄ ရက်က လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက သတင်းထုတ်ပြန်ခဲ့သကဲ့သို့ မြေငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်ပြီး ပင်လယ်ရေပြင်သည် ပုံမှန်ထက် တစ်မီတာပိုမြင့်သော လှိုင်းများဖြစ်ပေါ်နိုင်သည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီကတစ်ဆင့် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုသတင်းအတိအကျမထုတ်ပြန်နိုင်သေးသော်လည်း ဒီရေလှိုင်းများ တစ်မီတာခန့် မြင့်တက်လာနိုင်သဖြင့် Catanduanes ပြည်နယ်နှင့် Samar ကျွန်းများထိ သက်ရောက်မှုရှိနိုင်ကြောင်း သတိပေးချက်တွင် ဖော်ပြထားသည်။



Catanduanes ပြည်နယ်ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ် အရာရှိများအနေဖြင့် ပင်လယ်ကမ်းစပ်အနီးနေထိုင်ကြသူများကို ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သော်လည်း Samar ကျွန်းမှ အာဏာပိုင်များကမူ ကျွန်းပေါ်ရှိဒေသခံများကို ကျွန်းပေါ်မှ ရွှေ့ပြောင်းရန် အမိန့်ပေးထားခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် Catanduanes ပြည်နယ် မြောက်ဘက်စွန်းရှိ Pandan မြို့နယ်တွင် ပြင်းပြင်းထန်ထန် လှုပ်ခတ်မှုကို ခံစားခဲ့ရပြီး အသေးစားပျက်စီးမှုများသာရှိခဲ့ကြောင်း သိရသည်။

AZH

# ကိုလံဘီယာနိုင်ငံ နီဗာဒိုဒယ်ရုဇ်မီးတောင်အနီးနေထိုင်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား

**ဘိုဂိုတာ ဧပြီ ၅**

ကိုလံဘီယာနိုင်ငံ ဗီလာမာရီယာဒေသတွင်တည်ရှိသော နီဗာဒိုဒယ်ရုဇ်မီးတောင်သည် သက်ဝင်လှုပ်ရှားသည့်လက္ခဏာများပြသလာသောကြောင့် မီးတောင်အနီးပတ်ဝန်းကျင် ၁၅ ကီလိုမီတာအတွင်း နေထိုင်သောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကိုလံဘီယာအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း The Nation သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မီးတောင်သည် လာမည့်ရက်ပိုင်းအတွင်း ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားလာဖွယ်ရှိနေပြီး နီဗာဒိုဒယ်ရုဇ်မီးတောင်သည် ပြီးခဲ့သောရက်သတ္တပတ်ကလည်း ပေါက်ကွဲတော့မည့်လက္ခဏာများပြသလာသည့်အတွက် ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက မီးတောင်အန္တရာယ်လိမ္မော်ရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ရကြောင်း၊ အခြေအနေအနည်းငယ် တည်ငြိမ်သွားခဲ့သည့်အတွက် လိမ္မော်ရောင်အဆင့်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး စောင့်ကြည့်အဆင့်သာ သတ်မှတ်ခဲ့ကြောင်း သိရသည်။

"နီဗာဒိုဒယ်ရုဇ်မီးတောင်ပေါက်ကွဲတော့မဲ့လက္ခဏာတွေ ပြသလာတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ကလဲ ဒီလိုအခြေအနေတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် မီးတောင်အနီးပတ်ဝန်းကျင် ၁၅ ကီလိုမီတာအကွာမှာနေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားခဲ့တာဖြစ်တယ်"ဟု ကိုလံဘီယာ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဧပြီ ၂ ရက်တွင် မီးတောင်အခြေအနေပြောင်းလဲမှုများ ရှိလာသည့်အတွက် ကိုလံဘီယာအမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ မီးတောင်ကျွမ်းကျင်ပညာရှင်များက အချိန်ပြည့်စောင့်ကြည့်လာခဲ့ကြောင်း၊ အဆိုပါစောင့်ကြည့်နေသည့်ကာလအတွင်း မီးတောင်လှုပ်ရှားပြောင်းလဲမှုအခြေအနေ မြင့်တက်လာသောကြောင့် ကိုလံဘီယာအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **ရိုင်းဆက်**

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရည်မှန်းချက်ကို မြှင့်တင်မည့် သဘောတူညီချက် အီးယူနိုင်ငံများ ဆက်လက်အကောင်အထည်ဖော်

**ဘရပ်ဆဲလ်း ဧပြီ ၅**

အီးယူနိုင်ငံများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို လက်ရှိ ၃၂ ရာခိုင်နှုန်းမှ ၂၀၃၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၅ ရာခိုင်နှုန်းထိ အသုံးပြုရေး ဆက်လက်မြှင့်တင်ရန် ရည်မှန်းချက်နှင့်ပတ်သက်၍ ယခင်တစ်ပတ်က ကျင်းပသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ညှိနှိုင်းရေးမှူးများ အစည်းအဝေးတွင် သဘောတူညီခဲ့ကြပြီး အဆိုပါသဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း Smithsonian သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ကန့်သတ်နိုင်ရန် ဖြစ်နိုင်ခြေနည်းပါးလာကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်းညှိနှိုင်းရေးအဖွဲ့ အစီရင်ခံစာတစ်စောင်မှ သတိပေးချက်ထုတ်ပြန်ပြီး နှစ်ပတ်အကြာတွင် အဆိုပါသဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒါက ရာသီဥတုဆိုင်ရာ ဘက်မလိုက်မှုဆီဦးတည်ပြီး တိုးတက်မှုနဲ့ စွမ်းအင်လုံခြုံရေးကို အားကောင်းစေမဲ့ ပြိုင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ပေးမှာပါ"ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen က ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်ကြိုးပမ်းမှုများကို အရှိန်မြှင့်တင် လုပ်ဆောင်ရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ညှိနှိုင်းရေးမှူးများသည် ပြီးခဲ့သော မတ် ၃၀ ရက်က ပိုမိုရည်မှန်းချက်ကြီးသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပန်းတိုင်များကို ချမှတ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရည်မှန်းချက်အသစ်သည် ဥရောပတွင် ကာဗွန်ကြားနေရေး ရေရှည်ရည်မှန်းချက်ကို ၂၀၅၀ ပြည့်နှစ်တွင် အပြီးသတ်ရန်ရည်ရွယ်ထားပြီး ၂၀၃၀ ပြည့်နှစ်တွင် အသားတင်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၅ ရာခိုင်နှုန်းထိ လျှော့ချရန် ရည်ရွယ်ထားကြောင်း သိရသည်။

အီးယူနိုင်ငံများအနေဖြင့် အဆိုပါသဘောတူညီချက်အသက်ဝင်လာစေရန် ဥရောပပါလီမန်တွင် အတည်ပြုရဦးမည်ဖြစ်ကြောင်း သိရသည်။

AZH

# ပနားမားနိုင်ငံ ပစိဖိတ်ကမ်းခြေဒေသတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်

**ပနားမားစီးတီး ဧပြီ ၅**

ပနားမားနိုင်ငံ ပစိဖိတ်ကမ်းခြေဒေသတွင် ဧပြီ ၄ ရက်က ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်မှုအပြီးတွင် တာဝန်ရှိသူများက မြေငလျင်လှုပ်ခတ်ခဲ့သောဒေသများတွင် ပျက်စီးဆုံးရှုံးမှုများရှိ၊ မရှိသွားရောက်စစ်ဆေးမှုပြုလုပ်နေကြောင်း ပနားမားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သောဒေသသည် ချီရီကွီစီရင်စုရှိ ဘိုကာချီကာနယ်မြေနှင့်နီးကပ်ခဲ့ပြီး ဘိုကာချီကာနယ်မြေရှိ လူနေအိမ်ထောင်နှင့်ချီ၍ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့ရကြောင်း သိရသည်။

"ပနားမားနိုင်ငံ ဘိုကာချီကာနယ်မြေအနီးမှာ လှုပ်ခတ်သွားခဲ့တဲ့ မြေငလျင်ဟာ ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူးထိရှိခဲ့ပါတယ်။ ပြင်းအားများပေမဲ့လဲ လူနေရပ်ကွက်နဲ့ဝေးတဲ့အတွက် ထိခိုက်ပျက်စီးမှုမရှိခဲ့ပါဘူး။ နောက်ဆက်တွဲဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု ပနားမား မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာ၏ ထုတ်ပြန်ချက်အရ မြေငလျင်လှိုင်းသည် ကော်စတာရီကာနိုင်ငံရှိ ဆန်ဂျိုးဒေသထိရောက်ရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

"ပနားမားနိုင်ငံမှာ လှုပ်ခတ်ခဲ့တဲ့ မြေငလျင်က ဖြစ်ပေါ်လာတဲ့ မြေငလျင်လှိုင်းဟာ ကော်စတာရီကာနိုင်ငံ ဆန်ဂျိုးဒေသထိရောက်ရှိခဲ့ပါတယ်။ မြေငလျင်လှိုင်းပြင်းထန်ခဲ့ပေမဲ့လဲ ပျက်စီးဆုံးရှုံးမှုမရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူလဲ မရှိခဲ့ပါဘူး"ဟု ကော်စတာရီကာအရေးပေါ်စီမံခန့်ခွဲရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ပနားမားနိုင်ငံတွင် မြေငလျင်နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း ပနားမား မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်သွားခဲ့သည်။

**ရိုင်းဆက်**

# ချစ်စရာ့အသည်းစိုင် ရောဝတီလင်းပိုင်

**ပြေအေးသက်**

ရောဝတီရတနာပုံတံတားဆီက ရောဝတီရေဆန်ဘက်အခြမ်း မင်းကွန်းဘက်ဆီ လှမ်းမျှော်ကြည့်လျှင် ရောဝတီလင်းပိုင်(Irrawaddy dolphin) တို့စံပျော်ရာ ဒေသပင်ဖြစ်တော့သည်။ သတ္တဗေဒအခေါ်အရ Orcaella brevirostris ဟု အမည်ပေးထားသော လင်းပိုင်များသည် ကမ္ဘာပေါ်တွင် လေးမျိုးသာကျန်ရှိတော့သည့် ရေချိုလင်းပိုင်ငါးများအနက်မှ ရှားပါးမျိုးနွယ်ဝင်ဖြစ်သည်။ ၁၉ ရာစုက သဘာဝဗေဒ ပညာရှင် ဂျွန်အန်ဒါဆင်သည် ရောဝတီမြစ်အတွင်း စတင်တွေ့ရှိခဲ့ရာမှ ရောဝတီလင်းပိုင်ဆိုသော ကမ္ဘာ့မှတ်တမ်းဝင်အမည်ရရှိခဲ့ပြီး ရောဝတီမြစ်အတွင်း လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀ ကျော် (၈ ရာစု-ပျူခေတ်) ကတည်းက နေထိုင်ကျက်စားခဲ့ကြသည်ဟုဆိုသည်။

**ရောဝတီလင်းပိုင်**

ရောဝတီလင်းပိုင်တို့သည် အသိဉာဏ်မြင့်သည့် ရေနေနို့တိုက်သတ္တဝါများဖြစ်ပြီး သွေးနွေးသတ္တဝါ အမျိုးအစားဖြစ်သည်။ ထိုမျိုးစိတ်မှာ ဝေလငါး၊ ရေဝက်နှင့် လင်းပိုင်တို့သာရှိသည်။ ရောဝတီလင်းပိုင်သည် ၁၄ လကြာအောင် သန္ဓေဆောင်ပြီးမှ အကောင်လိုက်ပေါက်ဖွားပြီး တစ်ကြိမ် သားပေါက်လျှင် တစ်ကောင်သာပေါက်ပါသည်။ လင်းပိုင်များသည် ၁ ဒသမ ၂ မီတာမှ ၂ ဒသမ ၇၅ မီတာထိ အလျားရှိကြပြီး အခြားရေချိုလင်းပိုင်များကဲ့သို့ ရှည်သော နှုတ်သီးရိုးတံမပါရှိဘဲ ဦးခေါင်း လုံးလုံးဝန်းဝန်း သဏ္ဍာန်ရှိသည်။ ကျောပြင်နှင့် နံဘေးအပြာရောင်သို့မဟုတ် မွဲပြာရောင်ဖြစ်ကာ ဝမ်းဗိုက်ပိုင်းတစ်လျှောက်လုံးတွင် အရောင်ဖျော့၍ အဖြူရောင်သန်းသည်။ ရင်ပိုင်းရေယက် နှစ်ခုမှာ လှော်တက်ပုံရှိပြီး ကျောဘက် ရေယက်တောင်မှာ လုံးဝန်းသည်။ ၁၀ ကောင်ထက်နည်းသော အုပ်စုငယ်ဖြင့် တွေ့ရတတ်သည်။ နှာခေါင်းတိုတိုနှင့် ချစ်စရာ့ရောဝတီလင်းပိုင်သည် မေးရိုးတစ်ဖက်တစ်ချက်တွင် သွား ၁၂ ချောင်းမှ ၁၉ ချောင်းထိရှိသည်။

**အရှေ့တောင်အာရှပြယုဂ်**

ရောဝတီလင်းပိုင်သည် အရှေ့တောင်အာရှ၏ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်သည်။ ရောဝတီလင်းပိုင်များကို အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်အာရှဒေသ၏ မြစ်ကြီးများဖြစ်သော ရောဝတီမြစ်၊ ဂင်္ဂါမြစ်နှင့် မဲခေါင်မြစ်တို့အပြင် အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်ရှိ မဟာခန်မြစ်ကြီးထဲတွင်လည်း တွေ့ရှိရပြီး လင်းပိုင်မျိုးစိတ်တစ်ခုကို ရောဝတီလင်းပိုင်ဟုခေါ်ဆိုသည်။ ရောဝတီမြစ်အတွင်း ရောဝတီလင်းပိုင်များ ကျက်စားနေထိုင်လေ့ရှိသော နေရာများမှာ ဗန်းမော်နှင့် မန္တလေးမြို့ကြားရှိ မြစ်ပိုင်းအတွင်းတွင် ဖြန့်ကြက်သွားလာ ပေါက်ဖွားရှင်သန်လျက်ရှိသည်။ သက်တမ်းအားဖြင့် အနှစ် ၃၀ ခန့်ထိ အသက်ရှင်နေထိုင်ကြပြီး သက်တမ်း ခုနစ်နှစ်နှင့် ကိုးနှစ်အကြား မျိုးပွားရန် အရွယ်ရောက်ကြသည်။ ရေငန်တွင်လည်း ရှင်သန်နိုင်သည်။ အသက် ခြောက်မိနစ်ထိအောင့်ထားနိုင်ပြီး ပဲ့တင်လှိုင်းဖြင့် အစာရှာခြင်း၊ လမ်းကြောင်းရှာခြင်းများ ပြုလုပ်သည်။

**ရေလုပ်သားများကိုကူညီ**

မင်းကွန်း၊ မန္တလေးမြောက်ဘက်ရှိ မြေစွန်းကျေးရွာအနီးတွင် ရှေးနှစ်ပေါင်းများစွာက သူတို့၏ ဘိုး၊ ဘွားလက်ထက်ကတည်းက လင်းပိုင်များ၏ အကူအညီနှင့် ပူးပေါင်းပြီး ငါးဖမ်းလာခဲ့ကြသည်။ လင်းပိုင်များသည် ရေလုပ်သားများ၏လှေများကိုသိ၏။ သစ်သားချောင်းလေးနှင့် လှေကိုခေါက်လိုက်လျှင် လင်းပိုင်များသည် အနားကိုကပ်လာကြသည်။ ရောဝတီမြစ်ထဲတွင် လွတ်လွတ်လပ်လပ်သွားနေသော လင်းပိုင်များသည် ရေလုပ်သားများနှင့်ပူးပေါင်းပြီး ငါးဖမ်းပေးလေ့ ရှိကြသည်။ လင်းပိုင်များသည် ငါးရှိသောနေရာများ ကိုသွား၍ အမြီးလေးဖြင့် အချက်ပြလိုက်သည်နှင့် ရေလုပ်သားများက ကွန်ပစ်၍ ငါးဖမ်းကြသည်။



လင်းပိုင်များသည် လူများနှင့် ရင်းနှီးစွာ ပေါင်းသင်း၍ ပူးပေါင်းဆက်ဆံမှုရှိကြပြီး ဤအချက်မှာ လူနှင့်တိရစ္ဆာန်များဆက်ဆံရေးအတွက် လေ့လာမှုပြုရန် အထူးအခွင့်ကောင်းဖြစ်သည်။

**မြန်မာရောဝတီလင်းပိုင်မှတ်တမ်း**

လက်ရှိ ရောဝတီမြစ်ထဲတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့က ထိန်းသိမ်းထားသော အကောင်ရေ ၇၀ ခန့်ရှိနေသည်။ လင်းပိုင်တို့ကျက်စားနေထိုင်မှုကို အပြည့်အဝသိရှိနိုင်ရန် ၂၀၀၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလက ပထမဆုံးအကြိမ် လေ့လာမှုပြုလုပ်ခဲ့ရာ ဗန်းမော်နှင့် မင်းကွန်းကြား၌ လင်းပိုင် ၃၇ ကောင် တွေ့ခဲ့ကြောင်း မှတ်တမ်းပြုနိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးနှင့် ဗန်းမော်ကြား ရောဝတီမြစ်ကြောင်းအတိုင်း အစုန် အဆန်လေ့လာမှုများပြုလုပ်ခဲ့ရာ လင်းပိုင် ၅၉ ကောင်ရှိသည်ဟုဆိုသည်။ ထို့နောက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ၇၂ ကောင်ရှိပြီး အကောင်ရေ ၆၀ ခန့်ကို စတင်ထိန်းသိမ်းခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ အကောင်ရေ ၈၀ ကျော်ကို ထိန်းသိမ်းထားလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၌ ပုဂံမြို့ထိ လင်းပိုင်အကောင်ရေ အနည်းငယ်ကျက်စားလာမှုကို ပတ်ဝန်းကျင်နှင့်မျိုးသုဉ်းရှားပါးရေနေသတ္တဝါများထိန်းသိမ်းရေးဌာနစုက မှတ်တမ်းတင်နိုင်ခဲ့သည်ဟု သိရသည်။

**ခရီးသွားဧည့်သည်များကြည့်ရှုမှု**

ရောဝတီလင်းပိုင် လေ့လာကြည့်ရှုသော ခရီးသွားလုပ်ငန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားများနှစ်ခြိုက်သော ဆွဲဆောင်မှုတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နေကြောင်း နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ရောဝတီလင်းပိုင် လေ့လာကြည့်ရှုမှုသည် နှစ်စဉ် ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ဆွဲဆောင်ခဲ့ပြီး အာရှဒေသ၌ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ လင်းပိုင်ကြည့်ရှုအပန်းဖြေမှုအများဆုံးဖြစ်ကြောင်း သိရသည်။ ရောဝတီမြစ်အတွင်း ကျောက်မြောင်းဧရိယာတွင် ကျက်စားနေထိုင်သောလင်းပိုင်များကို ၂၀၀၈ ခုနှစ်မှစတင်၍ နိုင်ငံခြားသားများ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှုကြပြီး နိုင်ငံခြားသား ဦးရေ ၇၀၀ မှ ၁၀၀၀ ကြား နှစ်စဉ် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း**

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ပြီး နောက်ပိုင်း ၂၀၂၀ ပြည့်နှစ်တွင် ရောဝတီလင်းပိုင် သီးသန့်ကြည့်ရှုသော နိုင်ငံခြားခရီးသွားဦးရေ ၁၀၀၀ ကျော် လာရောက်ခဲ့ပြီး အဆိုပါရောဝတီလင်းပိုင် ကြည့်ရှုသော နိုင်ငံခြားသားများတည်းခိုနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရောဝတီမြစ်ဘေး အင်နောင်းကျေးရွာ၌ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းမှ နိုင်ငံခြားသားခရီးသွား ၁၂ ဦး တည်းခိုနိုင်သော တည်းခိုဆောင် ဆောက်လုပ်ဖွင့်လှစ်ခြင်း၊ မြစ်အတွင်း လင်းပိုင်ကြည့်ရှုရန် လှေ၊ စက်လှေငှားရမ်းခြင်းနှင့် ဒေသထွက်ပစ္စည်းများ ရောင်းချခြင်းတို့ဖြင့် ကျေးလက်လူမှုစီးပွားအတွက် အထောက်အပံ့များရရှိခဲ့ကြောင်း သိရသည်။

**ခရီးသွားများအကြိုက်**

ကိုဗစ်-၁၉ ရောဂါ လျော့ကျသွားချိန်တွင် ခရီးသွားကဏ္ဍ အရှိန်အဟုန်ဖြင့် ပြန်လည်ဦးမော့လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေနှင့်ဒေသတွင်းဝင်ငွေ ရရှိစေသော ရောဝတီလင်းပိုင်ကြည့်ရှုသည့်ခရီးသွားလုပ်ငန်းကို ပြန်လည်ဖော်ဆောင်သင့်သည်။ မန္တလေး-ဗန်းမော် စင်းလုံးငှားရေယာဉ်ခရီးစဉ်မှာ ရောဝတီမြစ်တစ်လျှောက် သဘာဝအလှများ ကြည့်ရှုအပန်းဖြေမှုနှင့်အတူ ရောဝတီလင်းပိုင်ကြည့်ရှုခြင်းလည်း ပါဝင်သည်။ လင်းပိုင်ကြည့်ရှုရန်အတွက် သီးသန့်လာကြသည်လည်းရှိသည်။ ခရီးသွားများကြိုက်နှစ်သက်သည်က လင်းပိုင်က ရေလုပ်သားရှိသည့်နေရာကို ငါးအုပ်ကိုမောင်းနှင်ပေးပြီး ပိုက်ကွန်ဖြင့်ငါးဖမ်းခြင်းကို ခရီးသွားများ နှစ်ခြိုက်ကြသည်ဟုဆိုသည်။ အထူးသဖြင့် သည်လိုလုပ်ဆောင်မှုမျိုးသည် မြန်မာနိုင်ငံ ရောဝတီမြစ်ထဲက လင်းပိုင်များတွင်သာရှိသည်ဟု နိုင်ငံခြားသားများက ဆိုကြသည်။

**ဂုဏ်ယူဖွယ်လင်းပိုင်**

အာရှ၌ လင်းပိုင်လေ့လာကြည့်ရှုမှုများကို ပြုလုပ်နိုင်သည့်နိုင်ငံထဲတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံသာရှိသည်။ ဆက်လက်ထိန်းသိမ်းသွားမည်ဆိုလျှင် ကမ္ဘောဒီးယားနိုင်ငံထက် ကောင်ရေများလာနိုင်သည်။ ဗိသနိုးခေတ်ကတည်းက ရောဝတီမြစ်အတွင်း၌ လင်းပိုင်များနေထိုင်ကျက်စားခဲ့ကြောင်းကို သမိုင်းအထောက်အထားများရှိခဲ့သည့်အတွက် သက်တမ်းရှည်ကြာနေထိုင်နိုင်ခဲ့သော ရောဝတီလင်းပိုင်သည် နိုင်ငံအတွက် တန်ဖိုးဖြတ်၍မရသည့် ဂုဏ်ယူဖွယ် ရတနာတစ်ပါးဆိုလျှင်လည်း မမှားကြောင်း နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်နှင့်မျိုးသုဉ်းရှားပါးရေနေသတ္တဝါများ ထိန်းသိမ်းရေးဌာနစုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ဒေသခံရေလုပ်သားများ ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ရောဝတီလင်းပိုင်မျိုးဆက်ထိန်းသိမ်းမှုသည် လက်ရှိအရေအတွက်ထက် တိုးပွားလာခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံထက် ကောင်ရေများလာနိုင်ကြောင်း သိရသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ရောဝတီလင်းပိုင်များ ထိန်းသိမ်းရေးနားလည်မှုစာချွန်လွှာ MoU တစ်ရပ်ကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့်သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) တို့လက်မှတ်ရေးထိုးခဲ့ကာ ရောဝတီလင်းပိုင်များကျက်စားရာ မတ္တရာမြို့နယ် မြေစွန်းကျေးရွာ၌ အသိပညာပေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မင်းကွန်းနှင့် ကျောက်မြောင်းမြို့ကြား ၇၂ ကီလိုမီတာကို ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရောဝတီလင်းပိုင်များမျိုးသုဉ်းမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ထုံးရဲကျေးရွာရောဝတီမြစ်ကြောင်းမှစ၍ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာထိကို ထပ်မံသတ်မှတ်လိုက်ကြောင်း သိရသည်။

**ကင်းလှည့်**

ရောဝတီလင်းပိုင်ထိန်းသိမ်းရေး ပညာပေးကင်းလှည့်အစီအစဉ်၌ ထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ကျေးရွာများတွင် ရောဝတီလင်းပိုင်နှင့် ပတ်သက်သော ပညာပေးလုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးလုပ်ငန်းဦးစီးဌာနက ချမှတ်ထားသောမူဝါဒများ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ၊ ငါးသုတေသနလုပ်ငန်းများ၊ တရားမဝင်ငါးဖမ်းနည်းများဖြစ်သည့် ရှော့ခ်တိုက်ခြင်း၊ မိုင်းခွဲခြင်း၊ အဆိပ်ချခြင်းများမရှိစေရန် နေ့၊ ညကင်းလှည့်ခြင်း၊ ရောဝတီလင်းပိုင်သဘာဝလေ့လာခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ထို့ပြင် မြစ်ချောင်းများအတွင်း ရွှေတူးဖော်မှုများ ပပျောက်စေရန် ရောဝတီလင်းပိုင်မျိုးမသုဉ်းစေရေးအတွက် ပြည်သူများနှင့်ဌာနဆိုင်ရာတို့ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

**တားဆီး**

ရောဝတီလင်းပိုင်များအတွက် ရေလမ်းကြောင်းပိတ်ဆို့ချထားသည့် တန်းပိုက်၊ မြစ်ကြောင်းအတွင်း ကမ်းတစ်ဖက်မှ တစ်ဖက်ကိုပိတ်၍ ထားသည့်တန်းပိုက်များ၊ အလျား ပေ ၃၀၀ ထက်ပိုသည့် မျှောပိုက်များ၊ ဘက်ထရီ၊ ကျဉ်စက်၊ မီးစက်ဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ၊ မိုင်းခွဲငါးဖမ်းဆီးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာတားမြစ်သည့် ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းစနစ်များစသည်ဖြင့် တားဆီးထားသည်။ ထို့ပြင် မျှောပိုက်များချထားရာတွင် တစ်ဖုံနှင့် တစ်ဖုံအကြား ပေ ၆၀၀ အကွာအဝေးချန်လှပ်ထားရန် သတ်မှတ်ထားသည်။

**သနားစရာလင်းပိုင်**

ဤသို့ မြန်မာ့ဂုဏ်ဆောင်ရောဝတီလင်းပိုင်တို့ အသက်ရှည်ရာ အနာကင်းရာ ဘေးဘယာအပေါင်း ဝေးကွာရှောင်ရန်မှာ ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရပေမည်ဟု ဆိုချင်မိပါသည်။ သို့မှ သနားစရာလင်းပိုင်တို့၏ အနာဂတ်ဘဝသာယာလှပမည်ဖြစ်သလို မြန်မာ့ဂုဏ်ဆောင်မှုမှာလည်း အဓွန့်ရှည်မည်ဖြစ်သည်။ ရောဝတီလင်းပိုင် ၁၃ ကောင်အုပ်စုသည် ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ရောဝတီမြစ်အတွင်း ဝက်လက်မြို့နယ် အင်းဒေါင်းကျေးရွာအနီးသို့ ရောက်ရှိနေကြောင်းသိရှိရသည်။ လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့ကလည်း တစ်လလျှင် နှစ်ကြိမ် မန္တလေး-ကျောက်မြောင်းကြားသို့ သွားရောက်ကွင်းဆင်းပြီး လင်းပိုင်များအခြေအနေကြည့်ရှုစောင့်ရှောက်လျက်ရှိပြီး လင်းပိုင်များ၏အခြေအနေကို တွေ့ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်ကြပါရန်နှင့် သနားစရာလင်းပိုင်များကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းထားသည်။ မည်သို့ပင်ဖြစ်စေကာမူ ကမ္ဘာကျော်မြန်မာ့ဂုဏ်ဆောင် ချစ်စရာ့အသည်းစိုင် ရောဝတီလင်းပိုင်လေးများကို စောင့်ရှောက်ထိန်းသိမ်းသင့်သည်မှာ အားလုံး၏တာဝန်ဟု ဆိုလျှင် မှားမည်မထင်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

**ကိုးကား-**


**၁။ လင်းပိုင် ဝီကီပီးဒီးယား**

**၂။ ညီမ်းသူ ရောဝတီလင်းပိုင်**

**၃။ ရတနာပုံသတင်းစာ (၁၇-၃-၂၀၂၃)**

# အားကစားအသင်း အုပ်ချုပ်သူ၊ နည်းပြဆရာတို့ အားကစားသမားများအပေါ် ခေါင်းဆုံမဖြတ်သင့်

စာဖတ်သူမိတ်ဆွေတို့ ဗဟုသုတရစေဖို့၊ ရွှင်လန်းပျော်မြူးစေဖို့၊ စိတ်ခွန်အားတက်ကြွလာစေဖို့၊ စိတ်ဓာတ်ကြံ့ခိုင်စေဖို့၊ လူငယ်လူရွယ်တွေ သတ္တိ၊ ဇွဲတွေရှိလာပြီး နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ်ရှိဖို့၊ နိုင်ငံ့တာဝန်ယူလိုစိတ်တွေရှိလာစေဖို့အတွက် ရေးသားဖော်ပြလိုက်ပါတယ်။ ၁၉၆၀ ပြည့်နှစ် ဖဆပလခေတ်ကတည်းက ကျွန်တော်စာရေးခဲ့တယ်။ မြန်မာနိုင်ငံသားတိုင်းဟာ နိုင်ငံတော်အတွက် မိမိကျွမ်းကျင်ရာပညာဖြင့် ကျေးဇူးဆပ်ကြရပါမယ်။ ဒါဟာ မွေးရာပါတာဝန်ဖြစ်ပါတယ်လို့ စာရေးဆရာကြီး(ဦးရန်အောင်)က ဆုံးမခဲ့ဖူးပါတယ်။ ဒ့ါပြင် ဆရာကြီးက စာရေးတဲ့အခါမှာ ကိုယ်တွေ့၊ လက်တွေ့တွေကို ညှပ်ညှပ်ပြီးရေးရင် ပိုပြီးထိရောက်တယ်။ အသက်ဝင်တယ်လို့ လမ်းညွှန်ခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်တော်စာရေးရာမှာ ကိုယ်တွေ့၊ လက်တွေ့တွေကို ညှပ်ညှပ်ရေးလေ့ရှိပါတယ်။ အခု ဒီဆောင်းပါးကိုလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို ဖော်ပြလိုက်ပါတယ်။

တိုက်ရိုက်သက်ဆိုင်ကြမဲ့ ပုဂ္ဂိုလ်တွေကတော့ အားကစားအသင်းကို အုပ်ချုပ်သူ ဒါမှမဟုတ် နည်းပြဆရာတချို့ပါပဲ။ အားလုံးကိုမဆိုလိုပါ။ ကျွန်တော်က အားကစားသမား မောင်တွေ၊ အားကစားမယ်တွေဘက်ကရပ်တည်ပြီး ရေးပြလိုက်ရခြင်းဖြစ်ပါတယ်။

**အားကစားသမားတွေအပေါ် ခေါင်းပုံဖြတ်တဲ့ အုပ်ချုပ်သူ ဒါမှမဟုတ် နည်းပြဆရာတွေ**

ကျွန်တော်က ၁၉၅၁ ခုနှစ်ကနေ ၁၉၆၅ ခုနှစ်ထိ ၁၅ နှစ် လက်ဝှေ့ထိုးခဲ့တယ်။ လက်ဝှေ့လဲထိုးရင်း ၁၉၅၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်ထိ စေတနာ့ဝန်ထမ်း လက်ဝှေ့နည်းပြဆရာအဖြစ် ၄၄ နှစ် လုပ်ပေးခဲ့ဖူးတယ်။

**အသင်းအုပ်ချုပ်သူက သုံးမတ်တန် ထမင်းပဲကျွေးခဲ့(၁၉၅၄)**

၁၉၅၄ ခုနှစ် မတ်လ ၂၇၊ ၂၈၊ ၂၉ ရက် မန္တလေးမြို့ ပါရမောက်ရုပ်ရှင်ရုံအတွင်းမှာ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မန္တလေးမြို့တို့မှာ လက်ဝှေ့ပိုလ်လုပွဲကျင်းပခဲ့ရာ အုပ်ချုပ်သူအားကစားမှူးက လက်ဝှေ့သမား ကိုအေး၊ ကိုခင်မောင်ကြီး၊ ကိုဘစိမ်း၊ တင်ဦး (ရွှေဘို)တို့ ငါးဦးကို ၁၉၅၄ ခုနှစ် မတ် ၂၆ ရက်က မန္တလေးကိုခေါ်သွားပြီး လက်ဝှေ့ပိုလ်လုပွဲထိုးခိုင်းခဲ့တယ်။ ၂၇ ရက်ည ကိုအေး ၁၂၆ ပေါင်တန်းကို ကျော်မြင့်(ရွှေကျား-မန္တလေး)က KNOCK OUT ချ အနိုင်ယူသွား၊ ခင်မောင်ကြီး (ရွှေဘို) ၁၁၉ ပေါင်တန်းက ဖေသန်း(ရွှေကျား-မန္တလေး) ကို အနိုင်ရ၊ ဘစိမ်း(ရွှေဘို) ၁၁၂ ပေါင်တန်းက အုန်းမောင်(မန္တလေး-နေရှင်နယ်)ကို အနိုင်ရ၊ တင်ဦး(ရွှေဘို) ၁၀၅ ပေါင်တန်းက ကိုခင်မောင်လေး(ရွှေကျား-မန္တလေး)ကို အနိုင်ရ၊ တင်ဦး(ရွှေဘို) ၉၈ ပေါင်တန်းက ချစ်မောင် (ရွှေကျား-မန္တလေး)ကို အနိုင်ရပြီး Final ရောက် ၂၉ ရက် ည အထူးပွဲမှာ တင်ဦး(ရွှေဘို)က သန်းရွှေ(မန်းတက္ကသိုလ်)ကို အနိုင်ရခဲ့ပါတယ်။ ကျွန်တော်တို့ကို အုပ်ချုပ်သူက သုံးမတ်တန် ထမင်း (ဘဲဥနဲ့ချည်း) ကျွေးနေတဲ့အတွက် ကြက်သား၊ ဝက်သားနဲ့ ၁ကျပ်ခွဲတန် ထမင်းကျွေးဖို့ ပိုင်းပြောကြရတယ်။ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းက လက်ဝှေ့သမားတွေ ကြက်ဥ၊ အိုဗာတင်းတွေ ကျွေးတယ်။ ဝက်သား၊ ကြက်သားနဲ့စားနေကြတာကို တွေ့ရတော့ ကျွန်တော်တို့လဲ စားချင်တာပေါ့။ အုပ်ချုပ်သူ(အားကစားမှူး)က ကျွန်တော်တို့ လက်ဝှေ့သမား ငါးယောက်ကို သုံးမတ်တန်ထမင်းပဲ နေ့၊ ည ကျွေးပြီး ကျွန်တော်တို့အပေါ် ခေါင်းပုံဖြတ်ခဲ့တဲ့ ဇာတ်လမ်းပါ။

**ရွှေဘိုမှ အထက်မြန်မာပြည် လက်ဝှေ့ပိုလ်လုပွဲမှာ ကိုယ့်စရိတ်နဲ့ကိုယ် ချန်ပီယံဖြစ်ခဲ့**

မန္တလေးမြို့ ပါရမောက်ရုပ်ရှင်ရုံကြီးမှာ ၁၉၅၇ ခုနှစ် ဇူလိုင် ၂၂ ရက်ကနေ ၂၅ ရက်ထိ အထက်မြန်မာပြည်လက်ဝှေ့ပိုလ်လုပွဲ ကျင်းပခဲ့ပါတယ်။ ကိုယ့်စရိတ်နဲ့ကိုယ် သွားထိုးခဲ့ရတယ်။ မန္တလေးမြို့ ၃၅ လမ်းမှာနေတဲ့ ကျွန်တော့်အစ်မအရင်းက ချမ်းသာတယ်။ လက်ဝှေ့လာထိုးတဲ့ ကျွန်တော့်ကို သူ့အိမ်မှာ အတည်းမခံဘူး နှင်ထုတ်လိုက်တယ်။ ဒီတော့ ဒါတန်း ၂၄ လမ်းမှာနေတဲ့ ဆင်းရဲတဲ့အစ်မအရင်း ဒေါ်ခင်သောင်းဆီ သွားတည်းတော့ လှိုက်လှိုက်လှဲလှဲပဲ ကျွန်တော့်ကို ကြိုဆိုတယ်။ ကျွန်တော် အားရှိစေဖို့ ကုလားပဲနဲ့ အမဲသားချက်ကျွေးလိုက်သေးတယ်။ ၁၉၅၇ ခုနှစ် ဇူလိုင် ၂၂ ရက် စွက်ဗဟာနူ(ပထမအချီ)၊ ဇူလိုင် ၂၃ ရက်ည စောလွင်(ပြင်ဦးလွင်)(ပထမအချီ)၊ ဇူလိုင် ၂၄ ရက်ည D.DAVID (မြင်းခြံ) (တတိယအချီ)၊ ဇူလိုင် ၂၅ ရက် နောက်ဆုံးည ခင်ကျော် (မန္တလေး)ကို ခင်အောင်(ရွှေဘို)က ပထမအချီ KNOCK OUT ချကာ အထက်မြန်မာပြည် ဖလိုင်းဝိတ် ၁၁၂ ပေါင်တန်းက အထက်မြန်မာပြည် လက်ဝှေ့ပိုလ်လုပွဲမှာ ရွှေတံဆိပ်ရ၊ ချန်ပီယံဘွဲ့ကို ရယူခဲ့ပါတယ်။

အထက်မြန်မာပြည်လက်ဝှေ့ပိုလ်လုပွဲကို ကိုယ့်စရိတ်နဲ့ကိုယ်သွားထိုးခဲ့ရတယ်။ မန္တလေးကို လိုက်အားပေးမဲ့သူမရှိ၊ ရွှေဘိုပြန်အရောက် ဂုဏ်ပြုမဲ့သူမရှိ တစ်ယောက်တည်းသွားကာ အားလုံးကို အလဲထိုး အနိုင်ရခဲ့တာ။

လူညစ်တွေ၊ အတ္တသမားတွေ အားကစားသမားအပေါ်က ငွေညစ်တဲ့လူဖြစ်လို့ အားကစားအရာရှိနဲ့ မတန်၊ လုံးဝမတန် လူညံ့တွေကြီးစိုးတဲ့အခါ အောက်ကလူတွေ အလွန်ပဲနစ်နာလှတယ်။

**စက်ဘီးပေါင်၊ လက်စွပ်ရောင်း၊ ဇန်ကောက်လုံချည်ပေါင်ပြီး ကိုးခရိုင်ပိုလ်လုပွဲဝင်ခဲ့**

ပြင်ဦးလွင်မှာကျင်းပခဲ့တဲ့ ကိုးခရိုင်လက်ဝှေ့ပိုလ်လုပွဲကြီးဝင်ဖို့ ကျွန်တော်တို့ လေးလတိုင်တိုင်အပြင်းအထန်(သွေးကျ၊ ချွေးကျ)လေ့ကျင့်အပြီး ပွဲရက် သုံးရက်အလို ရွှေဘိုက အားကစားမှူးထံ သွားရောက်ပြီး ကိုးခရိုင် လက်ဝှေ့ပိုလ်လုပွဲကိုလွှတ်ဖို့ ကျွန်တော် ဦးဆောင်ပြီးပြောရာ အားကစားမှူးက "ငွေမရှိဘူးကွာ မလွှတ်နိုင်ဘူး"လို့ ပြောလိုက်တယ်။ ဒီတော့ ခေါင်းငိုက်ပြီး ပြန်လာခဲ့ကြရတယ်။ လေးလလုံးလုံး နေပူဒဏ်အလူးအလဲခံ သွေးကျ၊ ချွေးကျလေ့ကျင့်ခဲ့မှုတွေကို နှမြောလှလွန်းတာမို့ ပွဲကြီးပွဲကောင်းကို လက်မလွှတ်လိုလို့ ကျွန်တော်က စက်ဘီးကိုပေါင်လိုက်တယ်။ ကျော်ဝင်းက သူ့လက်စွပ်ကိုရောင်းတယ်။ ကိုမင်းဝေကြီးက သူ့အဘွားရဲ့ ဇန်ကောက်လုံချည်ကို ပေါင်ပြီး ပြင်ဦးလွင်ကို အရောက်သွားကြတယ်။ ပြင်ဦးလွင်ကားဂိတ်မှာ ရောက်ရောက်ချင်း ဆရာကျားဘညိမ်းက ကျွန်တော့်ကို "ခင်အောင် ပွဲရက်ငါးရက်ရွှေ့လိုက်တယ်ကွ။ ရေဒီယိုနားမထောင်ဘူးလား"တဲ့ မောပြီရင်း မောရပါပြီ။ တော်တော်ပဲ စိတ်ညစ်ရပြန်ပါပြီ။ ဒီတော့ ကျွန်တော်တို့ သုံးယောက်ပါလာတဲ့ငွေတွေကိုပုံ နေ့တွက် ကိုးရက်အတွက် စရိတ်ကိုတွက်လိုက်တော့ သုံးရက် မနက်စာထမင်းမစားမှ ဖြစ်မဲ့အဖြေထွက်လာတယ်။ ကျွန်တော်တို့ သုံးယောက်စလုံး ဆုံးဖြတ်ချက်ချလိုက်တာကတော့ မနက်စာထမင်းမစားဘဲ ကိုးခရိုင်ပွဲကို ထိုးမယ်။ ကော်ဖီလဲမသောက်ဘူး။ ဒါပေမဲ့ ရန်ကုန်က အင်္ဂလိပ်ဘိုကပြားတွေကို အနိုင်မရရအောင်ထိုးသတ်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ရန်ကုန်အဖွဲ့ရောက်လာကြတဲ့အခါ ကားဂိတ်ကြီးမှာ ရန်ကုန်၊ ရွှေဘို၊ မြစ်ကြီးနား နေရာယူကြရလေရဲ့။ TRACK SUIT တွေ နီနီဝါဝါပြာပြာတွေနဲ့ BOX-ING BOOTS တွေနဲ့ GLOVES အစုံတွေနဲ့ အိုစုံလို့ စုံလို့။ ဆရာတွေ၊ ဒိုင်လူကြီးတွေလဲပါလာတယ်။ မနက်ခင်း ကြက်ဥတွေ သေတ္တာလိုက်ချလို့ ဟောလစ်ဘူးတွေ၊ အိုဗာတင်းဘူးတွေကလဲပြည့်လို့ အားကျစရာပေါ့လေ။ ကြက်ဥလိုသလောက်ဖောက်စားစေတယ်။ ကျွန်တော်တို့သုံးယောက်က ဇန်းမုန့် ၁၀ ပြားတန်ကို ရေစိမ်ပြီး မနက်စာအဖြစ် စားကြရတယ်။

ထိုးသတ်ကြရမဲ့ ဝိတ်တန်း ၁၀၅၊ ၁၁၂၊ ၁၁၉၊ ၁၂၆၊ ၁၃၂၊ ၁၃၉၊ ၁၄၇ မှာ ကျော်ဝင်းက ၁၁၂ ပေါင်တန်း၊ ကျွန်တော်က ၁၂၆ ပေါင်တန်း၊ ကိုမင်းဝေက ၁၃၂ ပေါင်တန်းက ထိုးသတ်ကြတယ်။

၁၉၆၂ ခုနှစ် မတ် ၂၅ ရက် မနက် ၈ နာရီကနေ ၁၀ နာရီထိ ကိုယ်အလေးချိန်စစ်ဆေးရာမှာ ကျွန်တော့်စကားကြောင့် ပြဿနာဖြစ်ရတယ်။ ရန်ကုန်လက်ဝှေ့အဖွဲ့က မစ္စတာဘားဝါး၊ မစ္စတာ အဲဗားရတ်၊ မစ္စတာဘော်ဘီအဲဗားရတ် VIPER THEIN MS မစ္စတာကင်းတို့အုပ်စုက ရှေ့ဆောင်၍ လုပ်နေကြပြီး တိုင်းအားကစားအရာရှိ ဆရာကြီး ဦးချစ်ဒွေး(ရဲရဲတောက်ချစ်ဒွေး)၊ N.F.C ကျားဘညိမ်း၊ N.F.C ဦးညီလေး၊ N.F.C ဆရာလေးအောင်သိန်း၊ ဆရာတင်မောင်တို့က ရပ်ကြည့်နေတာကိုတွေ့လိုက်ရတော့ ကျွန်တော်ခံပြင်းနေမိပြီ။ မနေနိုင်တော့လို့ "ဆရာကြီး ကျွန်တော်တို့ မြန်မာပြည်ကြီး လွတ်လပ်ရေးရတာ ၁၅ နှစ်ရှိခဲ့ပြီ။ ကနေ့အချိန်ထိ အင်္ဂလိပ်ဘိုကပြားတွေ ပိုလ်ကျစိုးမိုးနေတာ မကျေနပ်ဘူး ဆရာကြီး"လို့ ပြောလိုက်ရာ အားလုံးအံ့အားသင့်ကုန်တယ်။ ငြိမ်ကျသွားပြီး ဆရာကြီးဦးချစ်ဒွေးက လက်ကာပြကာ မင်းဝိတ်ချိန်ပြီးရင် တွေ့ကြရအောင်လို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်။

ကိုးခရိုင် ပိုလ်လုပွဲကြီးမှာ ရွှေဘိုက ဝိတ်တန်း သုံးတန်း ပိုလ်စွဲခဲ့ပြီး မန္တလေးက ဝိတ်တန်း နှစ်တန်း ပိုလ်စွဲတယ်။ လက်ဝှေ့ပွဲ အနိုင်အရှုံးက အဓိကမဟုတ်ပါ။ ကျွန်တော်တို့သုံးယောက် ဆင်းဆင်းရဲရဲငတ်ငတ်ပြတ်ပြတ်နဲ့ လက်ဝှေ့ထိုးသတ်ခဲ့ရတဲ့အကြောင်းနဲ့ ၁၉၆၄ ခုနှစ် မနက်ခင်းမှာ အားကစားမှူး ရန်ကုန်ကို သင်တန်းတစ်ခုသွားတက်စဉ် သူ့စာဖိုင်တစ်ခုကို မမျှော်လင့်ဘဲကြည့်မိရာ ၁၉၆၂ ခုနှစ် မတ်လက ပြင်ဦးလွင် ကိုးခရိုင် လက်ဝှေ့ပိုလ်လုပွဲဝင် ကျော်ဝင်း၊ မင်းဝေ၊ ခင်အောင်တို့ သုံးယောက်အတွက် စရိတ်ငွေ ၄၄၄ ကျပ် ရရှိခဲ့တာကို တွေ့ရတော့တယ်။

အဲဒီ ၄၄၄ ကျပ်ကို ကျွန်တော်တို့ တစ်ပြားမှ မရခဲ့ပါ။ လုပ်ရက်လိုက်တဲ့ အားကစားမှူး အခုမရှိတော့ပါ။ ကျွန်တော့်ဆရာဖြစ်ခဲ့ဖူးလို့ မျိုသိပ်ပြီးနေခဲ့ရတယ်။

> ❖ ကိုးခရိုင်ပိုလ်လုပွဲကြီးမှာ ရွှေဘိုက ဝိတ်တန်းသုံးတန်း ပိုလ်စွဲခဲ့ပြီး မန္တလေးက ဝိတ်တန်းနှစ်တန်းပိုလ်စွဲတယ်။ လက်ဝှေ့ပွဲ အနိုင်အရှုံးက အဓိကမဟုတ်ပါ။ ကျွန်တော်တို့သုံးယောက် ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နဲ့ လက်ဝှေ့ထိုးသတ်ခဲ့ရတဲ့အကြောင်းနဲ့ ၁၉၆၄ ခုနှစ် မနက်ခင်းမှာ အားကစားမှူး ရန်ကုန်ကို သင်တန်းတစ်ခုသွားတက်စဉ် သူ့စာဖိုင်တစ်ခုကို မမျှော်လင့်ဘဲကြည့်မိရာ ၁၉၆၂ ခုနှစ် မတ်လက ပြင်ဦးလွင် ကိုးခရိုင်လက်ဝှေ့ပိုလ်လုပွဲဝင် ကျော်ဝင်း၊ မင်းဝေ၊ ခင်အောင်တို့ သုံးယောက်အတွက် စရိတ်ငွေ ၄၄၄ ကျပ် ရရှိခဲ့တာကို တွေ့ရတော့တယ်။ အဲဒီ ၄၄၄ ကျပ်ကို ကျွန်တော်တို့ တစ်ပြားမှမရခဲ့ပါ။ လုပ်ရက်လိုက်တဲ့ အားကစားမှူး အခုမရှိတော့ပါ။❖

**ကျွန်တော့်အလှည့်မှာ ကိုယ်ချင်းစာ**

၁၉၆၃ ခုနှစ်မှာ ကျွန်တော်တည်ထောင်တဲ့ ပြည်ရွှေဘို ကျားနက်လက်ဝှေ့အသင်းက တကယ့်လက်သီးကျော် ၁၂ ယောက် မုံရွာကို သွားရောက်လက်ဝှေ့ထိုးကြပါတယ်။ စစ်ကိုင်းတိုင်း လက်ဝှေ့ပိုလ်လုပွဲပေါ့။ ရွှေဘိုမှခရီးမထွက်ခင် တန်းစီစေပြီး ခရီးစရိတ် ၄၀၀ ကျပ်တိတိရတယ်။ ၁၂ ယောက်စလုံး ဝေပုံကျ အခုခွဲပေးမယ်။ ၁၀ တန်းပညာအဆင့်ရှိတဲ့ မော်ကြီးနဲ့ ဝင်းမောင်ကို ၄၀၀ ကျပ် ၁၂ ယောက်နဲ့စားရလဒ်ငွေကို ပြောဆိုတော့ တစ်ယောက်ကို ၃၃ ကျပ်နဲ့ ပြား ၃၀ ပါဆရာတဲ့။

ဒါနဲ့ မော်ကြီးနဲ့ဝင်းမောင် ရှေ့ ငွေ ၄၀၀ ခွဲပေးလိုက်။ တစ်ယောက်ချင်းငွေရပြီးကြောင်း လက်မှတ်ရေးထိုးခိုင်းပြီး အဲဒီလက်မှတ်ထိုးငွေစာရင်း ဆရာ့ကိုပေး။ မုံရွာမှာ လေးရက်နေရမယ်။ ထမင်းတစ်ပွဲ တစ်ကျပ်၊ လက်ဖက်ရည် တစ်ခွက် ၂၅ ပြား၊ မင်းတို့ရငွေ ၃၃ ကျပ်မှာ ပိုထွက်လာမဲ့ငွေက မင်းတို့ပဲသုံးရမယ်။ ဆရာ့ကို ပိုငွေတွေ လာမပေးနဲ့တော့၊ မလိုချင်ဘူး။ ပွဲမှာအနိုင်ရအောင်ထိုးကြ။ တပည့်တို့သိဖို့က ဘယ်သူမှ လက်မြှောက်မရှုံးစေရဘူး။ ရွှေဘိုသားရဲ့ သတ္တိကိုပြကြဒါပဲ။

**နိဂုံးချုပ်**

အားကစားအသင်းအုပ်ချုပ်သူ ဒါမှမဟုတ် နည်းပြဆရာတွေက ပြိုင်ပွဲဝင်ကြရမဲ့ အားကစားသမားတွေအပေါ် ခေါင်းပုံဖြတ်ရင် ဘယ်တော့မှ သြဇာညောင်းမှာမဟုတ်သလို သိက္ခာလဲထိခိုက်မှာ သေချာလို့ မညစ်ပါနဲ့ ကိုယ့်အားကစားသမားတွေအပေါ် ကိုယ်ချင်းစာပါ၊ သစ္စာရှိပါ။ ကျွန်တော်လုပ်သလို အသင်းရဲ့ရငွေကို ခွဲတန်းချပြီးပေးဖူးလား။ မိမိကိုယ်ကို ပြန်ဆန်းစစ်သင့်တယ်။ အားကစားသမားတွေလဲ အတက်နိုင်ဆုံး အနိုင်ရအောင်ကစားကြမှာ သေချာတယ်။ အချို့သော အားကစားမှူးနည်းပြဆရာတွေ အားကစားသမားတွေအပေါ် ထားရှိသင့်တဲ့ ကိုယ်ချင်းစာစိတ်ထားရှိဖို့ဖြစ်ပါတယ်။ ကျွန်တော် အားကစားမှူး နည်းပြဆရာတိုင်းကိုမဆိုလိုပါ ခင်ဗျား။

**ရွှေဘိုဘာမထီခင်အောင်**

# ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကလျာထား စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာဌာနတွေကလဲ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့အကူအညီတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် နှစ်စဉ်စပါးသီးနှံအပြင် စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကစိုက်ပျိုးရာတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာဥ၊ ပိန်းဥ၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါးသီး စသည့်သီးနှံများကို စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သည့်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်သူများကို အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် စစ်ဘိုကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ စစ်ဘိုကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ စစ်ဘိုကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် စစ်ဘိုကြီးကျေးရွာ၌ လမ်း အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၉၀ အသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၄၀ မှ လူ ၁၃၂၉ ဦးတို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၈၅ | ၂၄၀၀ | ၂၂၈၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၂၈၁၀ |
| 95 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၂ | ၂၂၁၉ |
| 95 Ron | ၂၁၉၂ | ၂၂၆၉ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၉၇ | ၂၁၆၉ |
| HSD (10 ppm) | ၂၀၉၇ | ၂၁၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**








## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့၊ အကွက်(၄၃၂)၊ အရှေ့အရာတော်ရပ်နေ ကျွန်မ မနုနုစိန် (ခ) မစုစုစိန် (၉/မဟမ(နိုင်)၀၁၄၂၉၉) မှ ခင်ပွန်းဖြစ်သူ ဦးညီညီထွေး(ခ)ဇီးကွက်(၉/မနတ(နိုင်)၀၄၇၄၃၂)သည် မိသားစုအား အကြိမ်ကြိမ် ဂုဏ်သိက္ခာကျဆင်းစေသော လုပ်ရပ်များ ပြုလုပ်ပြီး မိမိသဘောဖြင့် အိမ်ပေါ်မှဆင်းသွားသည့် ၅-၁၂-၂၀၂၂ ရက်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး၊ လူမှုရေး ကိစ္စအဝဝအား လုံးဝဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ခင်ပွန်းအဖြစ်မှ စွန့်ပစ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနုနုစိန် (ခ) မစုစုစိန်**
**(၉/မဟမ(နိုင်)၀၁၄၂၉၉)**

### ပျောက်ဆုံးကြောင်း

လမ္ဘူတာမြို့နေ အေးကိုကို (ဘ) ဦးမောင်မောင်တာ (၁၄/လပတ(နိုင်)၂၇၉၄၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၇၂၃၅၅

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ နော်သင်္ဂီအောင် (ဘ) ဦးစောဂျေဘာအောင် (၁၄/ပသန(နိုင်)၁၆၅၂၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၀၉၉၁၁၆၁

### ပျောက်ဆုံးကြောင်း

ငွေဆောင်မြို့နယ်နေ ဆောဟ်စေဝေး (ဘ) စောထူးနေ (၁၄/ငဆန(နိုင်)၀၀၆၅၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၅၆၉၉၂၀၀

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်နေ ဒေါ်နန်းမြယ် (ဘ) ဦးဝင်းထိန် (၁၃/တကန(နိုင်)၀၁၆၃၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၃၇၇၇၈

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ ပြည့်ဖြိုးသူ(ဘ) ဦးစိုးမြင့် (၉/မခန(နိုင်)၂၇၃၇၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၈၈၀၉၁၀

### ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ ကောဇင်မိုး(ဘ) ဦးတင်စိုး (၁၄/ညတန(နိုင်)၁၉၃၅၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၈၀၅၃၂၂

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ ဖြိုးကျော်(ဘ) ဦးထွန်းဦး (၉/မခန(နိုင်)၂၅၉၈၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၈၈၀၉၁၀

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ အာကာဖြိုး(ဘ) ဦးသူရလင်း (၉/မခန(နိုင်)၂၇၀၄၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၈၈၀၉၁၀

### ပျောက်ဆုံးကြောင်း

ကျောက်ကြီးမြို့နယ်နေ ဆသင်းအိခိုင် (ဘ) ဦးလှရွှေ (၁၄/သပန(နိုင်)၀၂၄၁၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၅၄၂၃

### ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့နေ ဦးမျိုးမင်းထွန်း(ဘ) ဦးအောင်သိန်း (၉/စကတ(နိုင်)၀၇၈၉၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ ဇင်ကိုကို (ဘ) ဦးစိန်လှမြင့် (၁၄/ကပန(နိုင်)၂၂၆၆၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၈၄၅၆၇၁၀

**မီး သတိပြု**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၉၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာမှန်ပေမယ့်လည်း စည်းစနစ်တကျထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်က ရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# မြဝတီရုပ်မြင်သံကြား (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ဆုရရှိသူ စစ်သည်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၅**

မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက်နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၂၂ ကော်လံ ၁☆**

# (၂၈)နှစ်မြောက် မြဝတီရုပ်မြင်သံကြားသို့ ဂုဏ်ပြုစာပန်းချီ

*ဆောင်းပါး စာမျက်နှာ - ၂၀*

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီ ၁၃ ရက်(ကြာသပတေးနေ့)မှ ဧပြီ ၁၈ ရက်(အင်္ဂါနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး၊ ဧပြီ ၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း၊ လေးစားစွာအသိပေးအပ်ပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

**Services**

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services



"စိတ်ချရတာ မြဝတီဘဏ်"

Phone No : (01) 2301367, 2301368, 2301452, 2301378